U.S. DEPARTMENT OF HOUSING AND URBAN DEVELOPMENT
WASHINGTON, DC 20410-2000

OFFICE OF FAIR HOUSING
AND EQUAL OPPORTUNITY

2011 ခု ဖေဖော်ဝါရီလ 9 ရက်

မှာကြားစာ FHEO ရုံးညွှန်ကြားရေးမှူးများ
FHEO ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးများအတွက်

မှ Sara K. Pratt, အာဏာတည်စေရေးနှင့် အစီအစဉ်များအတွက် ဒုလက်ထောက် ဝန်ကြီး

အကြောင်းအရာ။ တရားမျှတသော အိမ်ရာဥပဒေ (Fair Housing Act-FHAct) နှင့် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု ဥပဒေ (Violence Against Women Act-VAWA) အရ မိသားစုအတွင်း အကြမ်းဖက်မှုခံရသူများအပေါ် အိမ်ရာ ခွဲခြားဆက်ဆံခံရခြင်း အခိုင်အမာပြောဆိုမှုများကို အကဲဖြတ်ဆန်းစစ်ခြင်း၊

I. ရည်ရွယ်ချက်

တရားမျှတသော အိမ်ရာဥပဒေ (FHAct) အရ အိမ်ရာ ခွဲခြားဆက်ဆံခြင်းခံရသည့် မိသားစုအတွင်း အကြမ်းဖက်မှု ခံရသူများ ၏ အခိုင်အမာ ပြောဆိုမှုများကို ဆန်းစစ်တန်ဖိုးဖြတ်မှုနှင့် ပတ်သက်၍ တရားမျှတသော အိမ်ရာနှင့် တန်းတူအခွင့်အရေး (FHEO) ဌာနချုပ် နှင့် ဝန်ထမ်းများအတွက် ဤမှာကြားစာကလမ်းညွှန်မှုပေးပါသည်။ ထိုကဲ့သို့သော အခိုင်အမာပြောဆိုမှုများမှာ ယေဘုယျအားဖြင့် လိင် အပေါ်တွင် အခြေခံသော်လည်း သီးခြား လူမျိုးတွင် အခြား ကာကွယ်ထားသော အတန်းအစားများလည်းပါဝင်နိုင်ပေသည်။ ဤမှာကြားစာက ထိုကဲ့သို့သော အခိုင်အမာပြောဆိုမှုများ၏ နောက်ကွယ်မှ ဥပဒေသဘောတရားများကို ဆွေးနွေးထားပြီး မိသားစုအတွင်း အကြမ်းဖက်မှုခံရသူများ၏ အိမ်ရာ ခွဲခြားဆက်ဆံခြင်းခံရမှု စွပ်စွဲချက်များ ပါဝင်သည့် လတ်တလော အမှုဥပမာများကို ဖော်ပြထားသည်။ အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု ဥပဒေ (VAWA)[1] က ၎င်းတို့၏ အလွဲသုံးစားပြုသူများက ကျူးလွန်သည့် အကြမ်းဖက်မှုပေါ် အခြေခံလျက် မိသားစုအတွင်း အကြမ်းဖက်မှုခံရသူများအချို့ကို နှင်ထုတ်ခြင်း၊ အိမ်ရာငြင်း ပယ်ခြင်း သို့မဟုတ် အကူအညီရပ်စဲခြင်းတို့မှ မည်သို့ ကာကွယ်ကြောင်းကိုလည်း ဤမှာကြားစာက ရှင်းပြထားသည်။

II. နောက်ခံအကြောင်းအရာ

အိမ်တွင်းပြဿနာများကို ကျော်ဖြတ်လာသူများသည် သူတို့၏သမိုင်းကြောင်း သို့မဟုတ် လူရမ်းကားများ ကျူးလွန်သော အပြုအမူများကြောင့် အိုးအိမ်နေရာချထားမှုခွဲခြားခံရလေ့ရှိသည်။ ကွန်ဂရက်က "နိုင်ငံတဝှမ်းရှိ အမျိုးသမီးများနှင့် မိသားစုများသည် သူတို့၏ အိမ်တွင်းအကြမ်းဖက်မှု ခံရသူများဟူသော အချက်ကြောင့် ခွဲခြားခံရခြင်း၊ အိမ်ရာအထောက်အပံ့ပေးမှုမရခြင်းနှင့် လူကြားသူကြားမှ ဝိုင်းပယ်ခံ ရခြင်းတို့ကို ခံစားရသည်။"[2] ဟု ဆိုသည်။ အိုးအိမ်အာဏာပိုင်များနှင့် အိမ်ပိုင်ရှင်များသည် ထိုသို့ခံရသူများကို အိမ်သား၊ ဧည့်သည် သို့မဟုတ် ခံရသူ၏ "ထိန်းချုပ်မှု။"[3] အောက်တွင်ရှိသော အခြားပုဂ္ဂိုလ်တို့၏ ဆုပူမှုကိုအကြောင်းပြု၍ တင်းကျပ်သော မှုခင်းဥပဒေအရ နှင်ထုတ်ကြသည်။ ဆုပူမှုခံရသူများသည် အိမ်တွင်း အကြမ်းဖက်မှုများကြောင့် ရဲကခေါ်စစ်ပြီးလျှင် အခြားနေထိုင်သူများကို အနှောင့်အယှက် ဖြစ်စေသည်ဟူသော အကြောင်းပြချက်ဖြင့် နှင်ချခံရလေ့ရှိသည်။ သူတို့သည် ကြမ်းတမ်းသူများက ပြုလုပ်သည့် ဂတ္တုပစ္စည်း ပျက်စီးစေမှုဖြင့်လည်း နှင်ချခံရလေ့ရှိသည်။ အမှုတွဲအများစုတွင် ခံရသူများသည် သူတို့ခံစားရသော ဆုပူမှုကြောင့် ညံ့ဖျင်းသော အိုးအိမ်နေရာ ချထားပေးမှုနှင့် အပြစ်ပေးခံရလေ့ရှိသည်။ ထိုသို့ "နှစ်ခါနာ"[4] ရခြင်းသည် မျှတမှုမရှိပဲ ဤလမ်းညွှန်တွင် ဖော်ပြထားသည့်အတိုင်းဆိုလျှင် ဥပဒေနှင့် ဆန့်ကျင်နိုင်သည်။

---

[1] HUD အစီအစဉ်များတွင် အသုံးပြုနိုင်သော ခေါင်းစဉ် VI ("အိုးအိမ်အခွင့်အရေးနှင့် နှိပ်စက်ခံရသော အမျိုးသမီးများနှင့် ကလေးများအတွက် ဘေးကင်းစေရေး") ပုဒ်မများပါဝင်သော ဤလမ်းညွှန်သည် အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် တရားမျှတမှုပြန်လည်ပေးအပ်ရေးဌာန အက်ဥပဒေ 2005 (VAWA 2005) ကိုရည်ညွှန်းသည်။ 1994 တွင် အသက်ဝင်သော VAWA မူရင်းမှကို HUD အစီအစဉ်များတွင် အသုံးမပြုပေ။ HUD သည် မကြာသေးမီက VAWA နောက်ဆုံးနည်းဥပဒေကို ပုံနှိပ်ထုတ်ဝေခဲ့သည်ကို သတိပြုပါ။ HUD အစီအစဉ်များကို *ကြည့်ပါ။* အမျိုးသမီးများအားအကြမ်းဖက်မှုအက်ဥပဒေ ဆီလျှော်အောင်ပြင်ဆင်မှု၊ နောက်ဆုံးနည်းဥပဒေ 75 Fed. Reg. 66246 (October 27, 2010).

[2] 42 U.S.C. § 14043e(3) (အမျိုးသမီးများအကြမ်းဖက်မှုအက်ဥပဒေတွင် ပုံနှိပ်ဖော်ပြထားသော တွေ့ရှိချက်များ)။ VAWA သည် အမျိုးသားအိမ်တွင်း အကြမ်းဖက် ခံရသူများကိုလည်း အကာအကွယ်ပေးသေးသည်ကို သတိပြုပါ။ HUD အစီအစဉ်များကို ကြည့်ပါ အမျိုးသမီးများအား အကြမ်းဖက်မှု အက်ဥပဒေ ဆီလျှော်အောင်ပြင်ဆင်မှု၊ နောက်ဆုံးနည်းဥပဒေ 75 Fed. Reg. 66246, 66251 ("VAWA 2005 သည် အမျိုးသားများကို အကာအကွယ်ပေး။ ဥပဒေရေးအရ အမျိုးသမီးများကိုသာ အကာအကွယ်ပေးသည်ဟု ဆိုသော်လည်း အကြောင်းအရာဝိုင်းအရမူ အမျိုးသမီးတွေကိုချည်း သီးခြား အကာအကွယ်ပေးထားခြင်းမဟုတ်ဟု ရှင်းရှင်းလင်းလင်းတွေ့မြင်နိုင်သည်။")

[3] 24 CFR § 5.100 *ကိုကြည့်ပါ။*

[4] Lenora M. Lapidus *နှစ်ခါနာရခြင်း။ အိမ်တွင်းအကြမ်းဖက်ခံရသူများကို အိမ်ရာနေရာချထားမှု ခွဲခြားခြင်း*(*Doubly Victimized: Housing Discrimination Against Victims of Domestic Violence*) 11 J. GENDER, SOC. POL'Y & L. 377 (2003) *ကို ကြည့်ပါ။*

စာရင်းဇယားများက အမျိုးသမီးအမြောက်အများသည် အိမ်တွင်းအကြမ်းဖက်မှုကို ခံရသူများဖြစ်သည်ဟု ဖော်ပြသည်။[5] ခန့်မှန်းခြေ အမျိုးသမီး 1.3 သန်းသည် နှစ်စဉ် အနီးကပ်ဆုံးအဖော်၏ နှိပ်စက်မှုခံရပြီး အမျိုးသမီး 4 ယောက်တွင် 1 ယောက်ခန့်သည် သူတို့သက်တမ်းတစ်လျောက်တွင် အနီးကပ်ဆုံးအဖော်၏ နှိပ်စက်မှုကို ခံစားရမည်ဖြစ်သည်။[6] အမေရိကန်တရားရေးစာရင်းဇယားဗျူရို (US Bureau of Justice Statistics) က 85%သော အိမ်တွင်းဆူပူမှုခံစားရသူများသည် အမျိုးသမီးများဖြစ်သည်ဟု ဆိုသည်။[7] 2009 ခုနှစ်တွင် အမျိုးသမီးများသည် အမျိုးသားများသည် ဆူပူမှုခံရနိုင်ခြေ ငါးဆခန့် အလေးသာခဲ့သည်။[8] ထိုစာရင်းဇယားများ အိမ်တွင်းအကြမ်းဖက်မှုခံရသူများကို ခွဲခြားဆက်ဆံခြင်းသည် အစဉ်သဖြင့် အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်း နီးပါးပင် ဖြစ်ကြောင်းဖော်ပြသည်။ ထို့ကြောင့် သူတို့၏ အိမ်များတွင် ဖြစ်ပွားသော ဆူပူမှုကို အခြေခံ၍ အိုးအိမ်ချထားပေးမှု ငြင်းပယ်ခံရသော၊ နှင်ချခံရသော၊ အထောက်အပံ့ဖြတ်တောက်ခံရသော အိမ်တွင်းအကြမ်းဖက်မှုခံရသူများသည် သင့်တင့်သော အိုးအိမ်ချထားမှု အက်ဥပဒေ (Fair Housing Act) အရ လိုင်ပိုင်းဆိုင်ရာခွဲခြားခြင်းနှင့်ပတ်သက်၍ အရေးယူနိုင်လောက်သည့် အကြောင်းရင်း ရှိနိုင်သည်။[9]

အခြားအကာအကွယ်ပေးထားသော လူတန်းစားများ၏ အိမ်တွင်းအကြမ်းဖက်ခံရမှုနှုန်းထားသည် အမြောက်အများ မြင့်မားနေသည်။ ဥပမာအားဖြင့် အာဖရိကန်-အမေရိကန်နှင့် အင်ဒီးယန်းအမျိုးသမီးများသည် လူဖြူအမျိုးသမီးများထက် အနီးကပ်ဆုံးအဖော်၏ ဆူပူခံရမှုနှုန်း 35% မြင့်မားလျက်ရှိပြီး အခြားလူမျိုး အမျိုးသမီးများထက် 2.5%ခန့် မြင့်မားလျက်ရှိသည်။[10] အင်ဒီးယန်းအမျိုးသမီးများသည် မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုစသည့် ပြင်းထန်သည့် မှုခင်းများ ကျူးလွန်ခံရလျက်ရှိပြီး ထိုသို့ကျူးလွန်ခံရမှုနှုန်းတွင် အခြားမျိုးနွယ်စုများထက် နှစ်ဆထက်ပိုသည်။[11] အချို့ မျိုးနွယ်စုအမျိုးသမီးများနှင့် နိုင်ငံရှေ့ပြောင်းနေထိုင်သူအမျိုးသမီးများသည် အိမ်တွင်းအကြမ်းဖက်မှုကို မြင့်မားသောနှုန်းထားဖြင့် ခံရလေ့ရှိသည်။[12] ထိုအချက်က အိမ်တွင်းအကြမ်းဖက်ခံရသူများတွင် သင့်တင့်သော အိုးအိမ်ချထားမှုအက်ဥပဒေ (Fair Housing Act) အရ လူမျိုးစု သို့မဟုတ် မျိုးနွယ်ဇာတိခွဲခြားခြင်းနှင့် ပတ်သက်၍ အရေးယူနိုင်လောက်သည့် အကြောင်းရင်းလည်းရှိနိုင်သည်။

III. HUD ၏ "တစ်ချက်ထိ" စည်းမျဉ်းနှင့် အမျိုးသမီးများကို အကြမ်းဖက်မှုအက်ဥပဒေ (Violence Against Women Act-VAWA)

2001 ခုနှစ်တွင် အိမ်သားတစ်ယောက်ယောက် သို့မဟုတ် ဧည့်သည်က ပြုလုပ်သော မှုခင်းအတွက် နေထိုင်သူများကို အိမ်ရာ အာဏာပိုင်များနှင့် အိမ်ပိုင်ရှင်များကနင်ချခွင့်ပြုသော "တစ်ချက်ထိ" စည်းမျဉ်းဟု လူသိများသည့် စည်းမျဉ်းကို ထုတ်ပြန်ခဲ့သည်။[13] ထိုစည်းမျဉ်းသည် ပိုင်ရှင်များကို လူသိရှင်ကြားဖော်ထုတ်ခွင့်ပြုပြီး အခန်း 8 တွင် "နေထိုင်သူ၊ နေထိုင်သူ၏ အိမ်ထောင်စုမှ တစ်စုံတစ်ယောက်၊ ဧည့်သည်တစ်ယောက် သို့မဟုတ် နေထိုင်သူ၏ အုပ်ထိန်းမှုအောက်မှ အခြားပုဂ္ဂိုလ်တစ်ဦး"[14] က ပြုလုပ်သော "အခြားနေထိုင်သူများ(ထိုနေရာတွင် နေထိုင်သော ဂတ္ထု ပစ္စည်း စီမံခန့်ခွဲမှုပန်ထမ်းများ အပါအဝင်) ၏ နေရာများ၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းစွာပျော်ရွှင်မှုကို ခြိမ်းခြောက်သော၊ သို့မဟုတ် ထိုနေရာများ၏ အနီးအနားရှိလူများ နေထိုင်သောအိမ်များ၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းစွာပျော်ရွှင်မှုကို ခြိမ်းခြောက်သော။"[15] မှုခင်းကြောင့် ထိုနေထိုင်သူကို နေထိုင်ခွင့် ရုတ်သိမ်းနိုင်သည်ဟု ဖော်ပြထားသည်။ ထိုမူဂါဒက အမျိုးသမီးများကို ၎င်းတို့၏ ခင်ပွန်းများ၊ အတူနေ လက်တွဲဖော်များနှင့် ဧည့်သည်များကြောင့် နှင်ချခံရအောင် ခွင့်ပြုပေးထားသလိုဖြစ်နေသည်။ သို့သော် 2005 ခုနှစ် အမျိုးသမီးများကို အကြမ်းဖက်မှုနှင့် တရား

---

[5] အမျိုးသားများသည်လည်း အိမ်တွင်းအကြမ်းဖက်မှုခံရတတ်သည်ဟု ကျွန်ုပ်တို့အသိအမှတ်ပြုသည်။ သို့သော် အကြမ်းဖက်ခံရမှုတွင် ကြီးမားစွာကွာဟမှုရှိခြင်းနှင့် FHAct ၏ ဖော်ပြချက်အများစုသည် အမျိုးသမီးများအပေါ် အိမ်တွင်းအကြမ်းဖက်မှု၏ မတူညီသောသက်ရောက်မှုကို အခြေခံထားသောကြောင့် ကျွန်ုပ်တို့အနေဖြင့် ဤလမ်းညွှန်တစ်ခုလုံးတွင် အမျိုးသမီးနာမ်စားကို အသုံးပြုထားသည်။

[6] ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနများ၊ ဒဏ်ရာကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအမျိုးသားဌာန၊ *အမေရိကန်တွင် အမျိုးသမီးများအပေါ် အနီးကပ်ဆုံးအဖော်၏ အကြမ်းဖက်မှု အကျိုးဆက်များ (Costs of Intimate Partner Violence Against Women in the United States) (2003).*

[7] အမေရိကန် တရားရေးဌာန၊ တရားရေး အစီအစဉ်ရုံး၊ တရားရေးစာရင်းဇယားပြုရို မှုခင်းအချက်အလက်ရှင်းတမ်း၊ *အနီးကပ်လက်တွဲဖော်အကြမ်းဖက်မှု(Intimate Partner Violence,)1993-2001 (2003).*

[8] ဂျနီဖာ အာ ထရူးမန်း (Jennifer R. Truman) နှင့် မိုက်ကယ် အာရန်း (Michael R. Rand)၊ အမေရိကန် တရားရေးဌာန၊ *မှုခင်းနှစ်နာမှု (Criminal Victimization) 2009 (2010).*

[9] လိင်တူအဖော်၏ အိမ်တွင်းအကြမ်းဖက်မှုကို တူညီသည့် အပြုအမူဟု သတ်မှတ်ရမည်ဖြစ်ပြီး လိင်နှင့် အခြား အသုံးဝင်နိုင်သော အကာအကွယ်ပေးထားသည့် အတန်းအစားများ ပေါ်တွင် အခြေခံရမည်။

[10] *Id.,* (အထက်တွင် ဖော်ပြထားသည့် အတိုင်း)

[11] စတီဗင် ဒဗလျူ ပယ်ရီ Steven W. Perry, အမေရိကန် တရားရေးဌာန၊ NCJ 203097၊*တရားရေး စာရင်းဇယားမှတ်တမ်းပြုရို 1992-2002: အမေရိကန် အင်ဒီးယန်းများနှင့် ရာဇဝတ်မှု (A Bureau of Justice Statistics Statistical Profile, 1992-2002: American Indians and Crime) 2004).*

[12] သီးခြားအုပ်စုများ၏ စာရင်းဇယားများအတွက်။ အိမ်တွင်းအကြမ်းဖက်မှုနှင့် သက်ဆိုင်သည့် အမေရိကန်ရှေ့နေအသင်းကော်မရှင် (American Bar Association Commission on Domestic Violence) ကိုကြည့်ပါ။ မကြာသေးမီက အချက်အလက်များကို တိုင်းတာခြင်း။ http://new.abanet.org/domesticviolence/Pages/Statistics.aspx.

[13] မူးယစ်ဆေးဂါးသုံးစွဲမှုနှင့် အခြားမှုခင်းများအတွက် အကာအကွယ်ပေးခြင်းနှင့် နှင်ချခြင်း၊ 66 Fed. Reg. 28776 (May 24, 2001) (amending 24 CFR pts. 5, 200, 247, 880, 884, 891, 960, 966, and 982) ("တစ်ချက်ထိ"စည်းမျဉ်းဟု ရည်ညွှန်းလေ့ရှိ).

[14] 24 CFR § 5.100.

[15] 24 CFR § 5.859.

မျှတမှု ပြန်လည်ပေးအပ်ရေးဌာန အက်ဥပဒေ (Violence Against Women and Department of Justice Reauthorization Act-VAWA)[16] က ပြည်သူ့အိမ်ရာ၊ ဘောက်ချာနှင့် အခန်း 8 စီမံကိန်းအခြေပြုအစီအစဉ်များတွင် ထိုသို့နှင်ချမှုများကို တားဆီးထားသည်။ အမျိုးသမီးများကို အကြမ်းဖက်မှုအက်ဥပဒေ (VAWA) က အိမ်တွင်းအကြမ်းဖက်မှု၊ ချိန်းတွေ့အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် နောက်ယောင်ခံလိုက်မှု တို့မှ ခံရသူများကို အကာအကွယ်ပေးထားသည်။[17]

VAWA ကအိမ်တွင်းအကြမ်းဖက်မှု၊ ချိန်းတွေ့အကြမ်းဖက်မှု သို့မဟုတ် နောက်ယောင်ခံလိုက် ခံရသူဖြစ်ခြင်းသည် အကူအညီ ပစ္စည်းထောက်ပံ့ခြင်း သို့မဟုတ် လူကြားသူကြား၊ သို့မဟုတ် အခန်း 8 နေထိုင်သူအခြေပြု သို့မဟုတ် စီမံကိန်းအခြေပြု အကူအညီပေးထားသည့် အိမ်ရာများတွင် နေထိုင်ခွင့် ငြင်းပယ်ရလောက်သည့် အခြေခံအချက်မဟုတ်ဟု ဆိုသည်။ ထို့အပြင် အကြမ်းဖက်ခံရမှုများနှင့် ခြိမ်းခြောက်ခံရမှုများသည် နေထိုင်ခွင့်သဘောတူညီချက်အား ပြင်းထန်သော သို့မဟုတ် မကြာခဏဖြစ်နေသော ချိုးဖောက်မှု သို့မဟုတ် အကြမ်းဖက်ခံရသူ၏ အကူအညီ၊ နေထိုင်ခြင်းနှင့် နေထိုင်ရန် အခွင့်အရေးကို ပယ်ဖျက်ရန် "ကောင်းသည့် အကြောင်းရင်း" ဟုအဓိပ္ပာယ်သက်ရောက်လိမ့်မည်မဟုတ်ပေ။ ထို့အပြင် VAWAသည် အကယ်၍ နေထိုင်သူ သို့မဟုတ် နေထိုင်သူနှင့်နီးစပ်သူမိသားစုဝင်သည် အိမ်တွင် အကြမ်းဖက်မှု၊ ချိန်းတွေ့အကြမ်းဖက်မှု သို့မဟုတ် နောက်ယောင်ခံလိုက်ခံရသူဖြစ်ပါက နေထိုင်သူမိသားစုဝင် သို့မဟုတ် ဧည့်သည်တစ်ယောက်ယောက် သို့မဟုတ် နေထိုင်သူ၏ အုပ်ထိန်းမှု အောက်တွင်ရှိသော အခြားတစ်ယောက်ယောက် ပါဝင်ပတ်သက်နေသည့် အိမ်တွင်းအကြမ်းဖက်မှု၊ ချိန်းတွေ့အကြမ်းဖက်မှု သို့မဟုတ် နောက်ယောင်ခံလိုက်မှုတို့နှင့် တိုက်ရိုက်ဆက်နွယ်နေသည့် မူခင်းကြောင့် အကူအညီ၊ နေထိုင်ခြင်း နှင့် နေထိုင်ရန်အခွင့်အရေးတို့ကို ပိတ်ပင်ခြင်းမပြုရန် တားမြစ်ထားသည်။[18]

VAWA က ပိုင်ရှင်များနှင့် စီမံခန့်ခွဲမှု အေးဂျင်းများသည် VAWA အရ တတ်နိုင်သော အကူအညီများပေးနိုင်မပေးနိုင် ဆုံးဖြတ်ရန် နေထိုင်သူထံမှ သူမသည် အိမ်တွင်းအကြမ်းဖက်မှု၊ ချိန်းတွေ့အကြမ်းဖက်မှု သို့မဟုတ် နောက်ယောက်ခံလိုက်ခံရသူ ဖြစ်ကြောင်း နှင့် ခြိမ်းခြောက်ခြင်း သို့မဟုတ် လက်တွေ့အကြမ်းဖက်ခံရသော ဖြစ်ရပ်(များ)သည် အမှန်တကယ်ဖြစ်ကြောင်း ဖော်ပြထားသော လက်မှတ်တောင်းယူခွင့်ရှိသည်။[19] ထိုသို့သော လက်မှတ်တောင်းယူမှုများ [20] တွင်အသုံးပြုရန် အိုးအိမ်အာဏာပိုင်များနှင့် အိမ်ပိုင်ရှင်များအတွက် ပုံစံစာရွက်များကို ဌာနက သတ်မှတ်ပေးထားပြီးဖြစ်သော်လည်း နေထိုင်သူများသည် တရားရုံးမှတ်တမ်း၊ ရဲမှတ်တမ်း စသည့် အကြမ်းဖက်မှုနှင့် စပ်လျဉ်းသည့် တတိယအုပ်စု စာရွက်စာတမ်းများ၊ သို့မဟုတ် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှု၏ အကျိုးဆက်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ခံရသူအနေဖြင့် အကူအညီယူခဲ့ရသော အလုပ်ရှင်၊ အေးဂျင့်၊ သို့မဟုတ် ဒုက္ခသည်ကူညီရေးပန်ဆောင်မှု လုပ်ငန်းမှ စေတနာ့ဝန်ထမ်း၊ ရှေ့နေ၊ သို့မဟုတ် ဆေးပညာရှင်တို့ လက်မှတ်ရေးထိုးထားသော စာရွက်စာတမ်းများကိုလည်း တင်ရနိုင်သည်။[21] နောက်ဆုံးအနေဖြင့် VAWA က အိုးအိမ် အာဏာပိုင်များနှင့် အိမ်ပိုင်ရှင်များအနေဖြင့် အိမ်တွင်းအကြမ်းဖက်မှုအခြေအနေတွင် အကြမ်းဖက်သူကို နှင်ချပြီး အကြမ်းဖက်ခံရကို ဆက်လက်နေထိုင်ခွင့်ပေးသည့် နေထိုင်ခွင့် ခွဲခြားမှုပြုနိုင်ခွင့်ပေးထားသည်။[22]

---

[16] Pub. L. 109-162, 119 Stat. 2960 (2006). ဌာန၏ VAWA နောက်ဆုံး နည်းဥပဒေအတွက် HUD အစီအစဉ်များကို ကြည့်ပါ။ အမျိုးသမီးများအား အကြမ်းဖက်မှု အက်ဥပဒေ ပြင်ဆင်ချက်၊ နောက်ဆုံး နည်းဥပဒေ။ 75 Fed. Reg. 66246 (Oct. 27, 2010) (24 CFR pts. 5, 91, 880, 882, 883, 884, 886, 891, 903, 960, 966, 982, နှင့် 983 ပြင်ဆင်ချက်၊).

[17] ထိုအချက်များထဲမှ တစ်ခုချင်းစီကို VAWA နှင့် HUD၏ သက်ဆိုင်ရာ နည်းဥပဒေများတွင်သတ်မှတ်ပေးထားသည်။ HUD အစီအစဉ်များကို ကြည့်ပါ။ အမျိုးသမီးများအား အကြမ်းဖက်မှု အက်ဥပဒေ ပြင်ဆင်မှု၊ 75 Fed. Reg. 66246, 66258.

[18] ထိုပုဒ်မများတွင် ရှင်းချက်ရှိသည်ကို 24 C.F.R. § 5.2005(d)(2) တို့တွင် သတိပြုပါ။ ထိုအချက် VAWA သည် ပြည်သူ့အိမ်ရာ အေဂျင်စီ (PHA)၊ ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲမှု ကိုယ်စားလှယ်များအား ထိုနေထိုင်သူကို မထုတ်ပယ်၍ အခြားနေထိုင်သူများ၊ အလုပ်လုပ်သူများ၊ ဝန်ဆောင်မှုပေးသူများကို အမှန်တကယ် ရှင်းလင်းစွာ ခြိမ်းခြောက်မှုပြုပါက ထိုနေထိုင်သူအား နှင်ချွှင့် သို့မဟုတ် သူတို့၏ အထောက်အပံ့များအား ဖြတ်တောက်ခွင့် အာဏာအားကန့်သတ်ခြင်းမရှိဟု ဖော်ပြသည်။ သို့သော် ထိုချင်းချက်ကို §5.2005(d)(3) ဖြင့် ကန့်သတ်ထားသည်။ ထိုအချက်က ပြည်သူ့အိမ်ရာ အေဂျင်စီ (PHA)၊ ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲမှု ကိုယ်စားလှယ်များသည် ခြိမ်းခြောက်မှုကို လျှော့ချရန် နှိမ်နင်းရန် အခြားအရေးယူနည်း မရှိတော့သည့်အခါမှသာ အထောက်အပံ့များအား ဖြတ်တောက်နိုင်သည်။ အခြား အရေးယူမှုများတွင် အခြားအခန်းသို့ အကြမ်းဖက်ခံရသူကို ပြောင်းရွှေ့ပေးခြင်း၊ အကြမ်းဖက်သူကို အဆောက်အဦးတွင်း ဝင်ရောက်ခွင့် ပိတ်ပင်ခြင်း၊ ရဲပိုမိုတိုးမြှင့်ထားနိုင်ရန် ဥပဒေထိန်းသိမ်းရေးနှင့် ဆက်သွယ်ခြင်း သို့မဟုတ် အဆောက်အဦးအား လုံခြုံစေရန် အခြားအစီအစဉ်များ တိုးမြှင့်ခြင်း သို့မဟုတ် ခြိမ်းခြောက်မှုကို ဆောင်ရွက်နိုင်ခြင်းမှ အကြမ်းဖက်သူကို တားဆီးနိုင်ရန် အခြား ဥပဒေ နည်းလမ်းများကို အသုံးပြုခြင်းတို့ပါဝင်သည်။

[19] 42 U.S.C. §1437d(u)(1)(A) (ပြည်သူ့အိမ်ရာ အစီအစဉ်များ), 42 U.S.C. §1437f(ee)(1) (ဘောက်ချာအစီအစဉ်များ).

[20] HUD အိမ်ရာအသိပေးစာ (HUD Housing Notice) 09-15 HUD-91066 မှ ထုတ်ပြန်သည်။ ပိုင်ရှင်များနှင့် Multifamily Housing ၏ အခန်း 8 အစီအစဉ်များကို ကြီးကြပ်နေသူ စီမံခန့်ခွဲမှု အေးဂျင်များအသုံးပြုရန် အိမ်တွင်းအကြမ်းဖက်မှု၊ ချိန်းတွေ့အကြမ်းဖက်မှု၊ နောက်ယောင်ခံလိုက်ခြင်း လက်မှတ် ၊ HUD-91067 လျှောက်လွှာ၊ HUD စံပြ စီမံကိန်း အခြေပြု အခန်း 8 အစီအစဉ်များ အတွက် HUD အတည်ပြု အတွား စာချုပ်။ HUD-50066 မှ ထုတ်သော HUD ပြည်သူနှင့် အင်ဒီးယန်း အိမ်ရာ ကြေငြာစာ 2006-42။ ပြည်သူ့အိမ်ရာ အစီအစဉ်၊ အိမ်ရာရွေးချယ်မှု ဘောက်ချာအစီအစဉ် (စီမံကိန်းအခြေပြု ဘောက်ချာများ)၊ အခန်း 8 စီမံကိန်းအခြေပြု အစီအစဉ်များ နှင့် အခန်း 8 သင့်တင့်သော ပြန်လည်ထူထောင်ရေး အစီအစဉ်အတွက် အသုံးပြုရန် အိမ်တွင်းအကြမ်းဖက်မှု၊ ချိန်းတွေ့အကြမ်းဖက်မှု၊ နောက်ယောင်ခံလိုက်ခြင်း လက်မှတ် ။ PIH Notice 2006-23 ကိုကြည့်ပါ။ အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် အမေရိကန် တရားမျှတမှု ပြန်လည်ပေးအပ်ရေးဌာန အက်ဥပဒေ 2005

[21] 42 U.S.C. §1437d(u)(1)(C); 42 U.S.C. § 1437f(ee)(1)(c).

[22] 42 U.S.C. §1437d(l)(6)(B); 42 U.S.C. § 1437f(c)(9)(C) .

VAWA က အိမ်တွင်းအကြမ်းဖက်မှုတရားခံများကို အကာအကွယ်ပေးရာတွင် အကန့်အသတ်ရှိသည်။ ဥပမာအားဖြင့် ၄င်းသည် ထိခိုက်နစ်နာမှုများအတွက် ထောက်ပံ့မပေးထားပေ။[23] ထို့အပြင် VAWA သည် တရားမဝင်နင်ချခြင်းခံရသော အမျိုးသမီးများအတွက် သီးသန့်ထင်ရှားသော အကြောင်းရင်းဖော်ပြမထားပေ။ ထို့အပြင် VAWA သည် ပြည်သူ့အိမ်ရာ၊ ဘောက်ချာ နှင့် အခန်း 8 စီမံကိန်းအခြေပြု အစီအစဉ်များမှ အမျိုးသမီးများကိုသာ အကာအကွယ်ပေးထားသည်။ ပုဂ္ဂလိကအိမ်ရာများတွင် နေထိုင်သူ အိမ်တွင်းအကြမ်းဖက်ခံရသူများအား ထိုအကြမ်းဖက်မှုပေါ် အခြေခံ၍ အလားတူ အရေးယူဆောင်ရွက်ပေးနိုင်ခြင်းမရှိပေ။ သင့်တင့်သော အိုးအိမ်နေရာချထားမှု အက်ဥပဒေ (Fair Housing Act) အရ ခွဲခြားဆက်ဆံမှု တိုင်ချက်သည် VAWA၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုပေါ်တွင် မတည်သောကြောင့် VAWA သည် အကြမ်းဖက်မှုနှင့် သက်ဆိုင်သည့် လိုအပ်သည့် စာရွက်စာတမ်း မတင်ပြနိုင်သူ အမျိုးသမီးကို မကာကွယ်ပေးပေ။[24] အတိုချုပ်အားဖြင့် အကြမ်းဖက်ခံရသူတစ်ယောက်သည် သူမသည် အိမ်တွင်းအကြမ်းဖက် ခံရသောကြောင့် နေထိုင်ခွင့် ငြင်းပယ်ခံရခြင်း၊ နှင်ထုတ်ခံရခြင်း သို့မဟုတ် သူမအတွက် အကူအညီများဖြတ်တောက်ခံရခြင်း ဖြစ်ပါက သင့်တင့်သော အိုးအိမ်ချထားမှု အက်ဥပဒေ (FHAct) ၏ အခန်းကဏ္ဍ ၀င်ရောက်လာမည်ဖြစ်ပြီး ဥပမာအားဖြင့် ကျွန်တို့အနေဖြင့် ထိုသို့ ငြင်းပယ်မှုသည် လူမျိုး သို့မဟုတ် လိင်ပေါ်တွင် အခြေခံမခံ စုံစမ်းမှုပြုလုပ်ရန် လိုမည်ဖြစ်သည်။

IV. <u>သင့်တင့်သောအိုးအိမ်နေရာချထားမှု အက်ဥပဒေမှ ဥပဒေသီအိုရီများ။ တိုက်ရိုက်သက်သေ၊ မတူညီသော ဆက်ဆံမှု နှင့် မတူညီသောထိခိုက်မှု</u>

တိုက်ရိုက်သက်သေ။ တစ်ချို့အမှုတွဲများတွင် အိမ်ပိုင်ရှင်များသည် မျက်နှာထားအားဖြင့် ခွဲခြားသည့် မူဂါဒများကို အသုံးပြုသည်။ ထိုမူဂါဒများသည် အမျိုးသားများနှင့်မတူပဲ အမျိုးသမီးများအပေါ်တွင် ထင်ရှားစွာ သက်ရောက်မှုရှိသည်။ ထိုမူဂါဒများသည် အကြမ်းဖက်ခံရသူ အမျိုးသမီးများအပေါ်တွင် လိင်တရားသေသတ်မှတ်မှုတွင် အခြေခံလျက်ရှိသည်။ ဥပမာအားဖြင့် သူတို့ကို အကြမ်းဖက်သော အမျိုးသားများနှင့် ပြန်ပေါင်းလေ့ရှိသောကြောင့် အိမ်တွင်းအကြမ်းဖက်မှုခံရသော ရာဇ၀တ်ရှိသည့် အမျိုးသမီးများအား နေထိုင်သူအဖြစ်လက်မခံဟု အိမ်ပိုင်ရှင်တစ်ယောက်က အိမ်တွင်အကြမ်းဖက်မှုခံရသူ အမျိုးသမီးကို ပြောပါက သူ၏ စကားသည် လိင်အခြေခံခွဲခြားမှု တိုက်ရိုက်သက်သေဖြစ်သည်။ တိုက်ရိုက်သက်သေ အမှုတွဲများတွင် စုံစမ်းမှုသည် ခွဲခြားပြောဆိုမှု ပြုခဲ့မပြုခဲ့၊ အခြားဖြစ်နိုင်ခြေရှိသော အပြောခံရသူများကို ရှာဖွေနိုင်ရန် ထိုပြောဆိုမှုကို အခြားသူများကို ပြောခဲ့မပြောခဲ့၊ နှင့် ၎င်းသည် အိမ်ပိုင်ရှင်၏ မူဂါဒနှင့် အလေ့အထကို ဖော်ပြနိုင်ခြင်းရှိမရှိအပေါ်တွင် အာရုံစိုက်ရမည်။ တရားခွင်ကို လွှမ်းမိုးသော ပုံမှန် မွေးခွန်းများကလည်း အသုံးဝင်သည်။

မတူညီသော ဆက်ဆံမှု။ အချို့အမှုတွဲများတွင် အိမ်ပိုင်ရှင်သည် အိမ်တွင်းအကြမ်းဖက်မှုခံရသူများအပေါ် အခြားမှုခင်းခံရသူများနှင့် မတူညီသည့် ဆက်ဆံမှုဖြင့် ပြုမူတတ်သည်။ သို့မဟုတ် အိမ်ပိုင်ရှင်၏ လိင်ဘက်လိုက်မှုမရှိသောမူဂါဒဟု ထင်ရသော မူဂါဒကို မတူညီစွာ အသုံးပြုသဖြင့် လိင်အခြေခံ မတူညီသည့် ဆက်ဆံမှုဖြစ်စေသည်။ ဥပမာအားဖြင့် မှုခင်းကြောင့် အိမ်ထောင်စုများကို နှင်ခြင်းမူဂါဒကို သူတို့အဖော်များ၏ အကြမ်းဖက်ခံရသော အမျိုးသမီးများအတွက် ရွေးချယ်အသုံးပြုပြီး အိမ်တွင်းအကြမ်းဖက်မှု၏ အမျိုးသားတရားခံများအတွက် အသုံးမပြုခြင်းဖြစ်သည်။ အမျိုးသမီးများသည် အိမ်တွင်း အကြမ်းဖက်မှု ခံရသူဖြစ်သည်ဆိုသော အချက်ကြောင့် မတူညီစွာ ဆက်ဆံခံရသည်ဟူသော သက်သေရှိပါက မတူညီသော ဆက်ဆံမှုသီအိုရီကို အသုံးပြုနိုင်သည်။ စုံစမ်းစစ်ဆေးသူက မတူညီသည့် ဆက်ဆံမှုသက်သေတွေ့ရှိပါက စုံစမ်းစစ်ဆေးမှုကို ကွဲပြားမှုများအတွက် တုံ့ပြန်သူ၏ အကြောင်းပြချက် နှင့် သက်သေသည် အကြောင်းပြချက်တစ်ခုစီကို ထောက်ပံ့သည် ဆန့်ကျင်သည်ကို ဆုံးဖြတ်နိုင်ရန် အကြောင်းပြချက်တစ်ခုစီကို စုံစမ်းခြင်းဆီသို့ ပြောင်းလဲရသည်။ ခွဲခြားဆက်ဆံမှုမရှိသော အကြောင်းပြချက်ကို ဖော်ပြပါက စုံစမ်းစစ်ဆေးမှုကို အကြောင်းပြချက်(များ)သည် သက်သေမှ ထောက်ပံ့မှုပြုသလော မှားယွင်းသည့် ခွဲခြားမှုအကြောင်းပြချက်လော ဆုံးဖြတ်ရန် သက်သေကို စစ်ဆေးခြင်းဆီသို့ ထပ်မံရွှေ့ရသည်။[25]

မတူညီသောနစ်နာမှု။ အချို့အမှုတွဲများတွင် မတူညီသည့်ဆက်ဆံမှု တိုက်ရိုက်သက်သေမရှိသော်လည်း မျက်နှာတည်မျက်နှာထား အိမ်ရာမူဂါဒ၊ လုပ်ထုံးလုပ်နည်း၊ သို့မဟုတ် အလေ့အထတို့သည် အိမ်တွင်းအကြမ်းဖက်မှု ခံရသူများကို အကြီးအကျယ် သက်ရောက်မှုရှိသည်။ ထိုအမှုတွဲများသည် မတူညီသည့် နစ်နာမှုခွဲခြမ်းစိတ်ဖြာမှုနှင့် သင့်တော်သည်။ မတူညီသည့်နစ်နာမှုအမှုတွဲများသည် အိမ်သားတစ်ယောက်က ပြုလုပ်သော မှုခင်းကြောင့် တစ်အိမ်သားလုံးနှင်ချခံရသည့် တင်းကျပ်သော မူဂါဒများရှိသည့် အခြေအနေတွင် ပေါ်ထွက်တတ်သည်။ ထိုမူဂါဒ မကြာခဏ သက်ရောက်ခံရလျှင်တောင်မှ အိမ်တွင်းအကြမ်းဖက်မှုခံရသူ အများစုဖြစ်သော အမျိုးသမီးသည် သူတို့ကို အကြမ်းဖက်သူများ၏ လုပ်ရပ်ကြောင့် နှင်ချခံရလေ့ရှိသောကြောင့် အမျိုးသမီးသည် ထိုမူဂါ၏ ကြီးမားသော သက်ရောက်မှုခံရနိုင်သည်။

---

[23] VAWA အရ ရနိုင်သော နည်းလမ်းများ၊ ဥပမာအားဖြင့် ရိုးရာ PIH ၀မ်းနည်းမှု ဖြစ်စဉ်။ HUD Programs ကိုကြည့်ပါ။ Violence Against Women Act Conforming Amendments; Final Rule, 75 Fed. Reg. 66246, 66255.

[24] VAWA 2005 ပိုင်ရှင်များ နှင့် PHAs များကို အိမ်တွင်းအကြမ်းဖက်မှုခံရသူ၏ လက်မှတ်တောင်းပြီးလျှင် ဥပဒေက ပိုင်ရှင်များ နှင့် PHAs များက "ဒီလျှို့ဝှက်ချက်မှာ အခြားသက်သေများပေါင်းစုပြီး တစ်ဦးချင်းစီကို အကျိုးရှိအောင် ထောက်ပံ့ပေးရမည်" 42 U.S.C.A. § 1437d(u)(1)(D); 42 U.S.C.A. § 1437(f)(ee)(1)(D).

[25] *မက်ဒွင်နယ် ဒေါက်ဂလပ်စ် ကော့ပ် နှင့် ဂရင်း (McDonnell Douglas Corp. v. Green), 411 U.S. 792 (1973)* ၀နှစ်ထုပ်၀နှစ်ပိုး ရွှေ့ပြောင်းသည့် ပုံသေနည်းကို *ကြည့်ပါ*။

မတူညီသည့် နစ်နာမှုခွဲခြမ်းစိတ်ဖြာမှုတွင် အဆင့်လေးဆင့်ရှိသည်။ ပထမဆုံး စုံစမ်းစစ်ဆေးသူသည် တရားမဝင် ခွဲခြားဆက်ဆံသည့် အိမ်ပိုင်ရှင်၏ ထင်ရှားသော မူဝါဒ၊ လုပ်ထုံးလုပ်နည်း သို့မဟုတ် အလေ့အထတို့ကို သတ်မှတ်ရမည်။ ထိုလုပ်ငန်းသည် မူဝါဒ၊ လုပ်ထုံးလုပ်နည်း သို့မဟုတ် အလေ့အထတို့ကို သတ်မှတ်ခြင်းသာမက ထိုမူဝါဒကို အသုံးပြုခြင်းဖြင့် မည်သည့် မှုခင်းကို ဖြစ်စေသည်ကို ဆုံးဖြတ်ခြင်းလည်းဖြစ်သည်။ ဒုတိယအနေဖြင့် စုံစမ်းစစ်ဆေးသူသည် ထိုမူဝါဒ၊ လုပ်ထုံးလုပ်နည်း သို့မဟုတ် အလေ့အထကို မကြာခဏအသုံးပြုခြင်းရှိမရှိ ဆုံးဖြတ်ရမည်။ ထိုအဆင့်သည် စုံစမ်းစစ်ဆေးမှု၏ မှန်ကန်သည့် အနေအထားကို ဖော်ပြနိုင်သဖြင့် အရေးကြီးသည့်အဆင့်ဖြစ်သည်။ ထိုမူဝါဒကို မမျှတစွာ အသုံးချပါက သင့်တင့်သော ခွဲခြမ်းစိတ်ဖြာမှုသည် မတူညီသော ဆက်ဆံမှုဖြစ်ပြီး မတူညီသောနစ်နာမှုမဟုတ်ပေ။ ထိုသို့မဟုတ်ပဲ နေထိုင်သူများအားလုံး အပေါ်တွင် ပုံမှန်ဆက်ဆံခြင်းဖြစ်ပါက မတူညီသောနစ်နာမှုခွဲခြမ်းစိတ်ဖြာမှုကို အသုံးချရမည်ဖြစ်ပြီး စုံစမ်းစစ်ဆေးမှုကို နောက်တစ်ဆင့် တက်ရမည် ဖြစ်သည်။

တတိယအဆင့်အနေဖြင့် စုံစမ်းစစ်ဆေးမှုသည် သီးခြားမူဝါဒ၊ လုပ်ထုံးလုပ်နည်း သို့မဟုတ် အလေ့အထတွင် အိမ်တွင်းအကြမ်းဖက်မှု ခံရသူများအပေါ် မကောင်းသည့် သက်ရောက်မှုရှိမရှိ ဆုံးဖြတ်ရမည်ဖြစ်ပြီး ထိုသို့တွေ့ရှိရပါက ထိုအထဲမှ ဘယ်နစ်ယောက်သည် အမျိုးသမီးများ (သို့မဟုတ် အချို့သော တိုင်းရင်းသားနှင့် မျိုးနွယ်ဇာတိဝင်များ) ဖြစ်သနည်း လေ့လာရမည်။ စာရင်းအင်းသက်သေကို ယေဘုယျအားဖြင့် ခွဲခြားဆက်ဆံမှုမှ အကာအကွယ်ပေးထားသော လူတစ်စုအပေါ် သက်ရောက်သော အကျိုးဆက်၏ အတိုင်းအဆကို ဆုံးဖြတ်ရာ၌ အသုံးပြုရသည်။ ထိုစာရင်းဇယားများကို ဖြစ်နိုင်သလောက် အမျိုးအစားခွဲရမည်။ ထိုစာရင်းများသည် သီးခြားအဆောက်အဦးတစ်လုံး သို့မဟုတ် ပိုင်ဆိုင်မှု ပစ္စည်းတစ်ခု အတွက် လျှောက်ထားသူများနှင့် စပ်လျဉ်းသည့် အကျိုးသက်ရောက်မှု သို့မဟုတ် အိမ်ပိုင်ရှင်၏ လုပ်ဆောင်မှုအားလုံးအတွက် လျှောက်ထားသူ သို့မဟုတ် နေထိုင်သူအပေါ် သက်ရောက်မှုကို ဖော်ပြနိုင်သည်။ ဥပမာအားဖြင့် လိင်ပိုင်းဆိုင်ရာခွဲခြားမှု အမှုတွဲတစ်ခုတွင် စုံစမ်းစစ်ဆေးမှု၌ တင်းကျပ်သည့် မှုခင်းမူဝါဒအရ အိမ်ရာဝင်းတစ်ခုတွင် အမျိုးသမီးများသည် အမျိုးသားများထက်ပို၍ နှင်ချခံရသည့် သက်သေကို ဖော်ထုတ်နိုင်သည်။ မြေပိုင်ရှင်သည် အမျိုးသမီးများကို ခွဲခြားဆက်ဆံလိုသော ရည်ရွယ်ရင်းမရှိလျှင် ထိုမူဝါဒကို ပုံမှန်အတိုင်းအသုံးပြုသည်ဆိုလျှင် ကိစ္စမရှိပေ။ မတူညီသည့်နစ်နာမှုသက်သေရှာဖွေခြင်းသည် တိကျသော သိပ္ပံပညာရပ်မဟုတ်ပေ။ တရားရုံးများသည် အဖျားရှူးသွားသော အမှုတွဲတစ်ခုဖြစ်စေမည့် တိကျသော ရာခိုင်နှုန်း သို့မဟုတ် အချိုးအစားအတိုင်းအတာ တစ်ခုခုအားဖြင့် သဘောတူမည်မဟုတ်ပေ။ ထို့အပြင် လုံလောက်သော မတူညီသည့်နစ်နာမှုပါဝင်ခြင်းသည် အမှုတွဲတစ်ခုချင်းစီ၏ အကြောင်းအချက်များနှင့် အခြေအနေများပေါ်တွင် မူတည်သည်။

စုံစမ်းစစ်ဆေးမှုတွင် လိင်၊ တိုင်းရင်းသား၊ သို့မဟုတ် လူမျိုးဇာတိတို့နှင့် ပတ်သက်၍ မတူညီသည့်နစ်နာမှု ကိုတွေ့ရှိပါက စုံစမ်း စစ်ဆေးမှုကို တုံ့ပြန်သူ၏ ထိုမူဝါဒကို အသုံးပြုရသည့် အကြောင်းရင်းများကို ဆွဲထုတ်ခြင်းဆီသို့ ပြောင်းရွှေ့ရသည်။ ထိုအကြောင်းရင်းများကို လျောလျောရှုရှု စုံစမ်းနိုင်ရေးသည် အရေးကြီးသည်။ ဘာကြောင့် ထိုမူဝါဒကို အသုံးပြုသနည်း။ မည်သည့် အကျိုးကို ရလိုရ၍ သို့မဟုတ် မည်သည့် အဆိုးကို ကာကွယ်လိုရ၍သုံးသနည်း။ ချို့ယွင်းချက်များ ရှိသလော။ အခြားအပြောင်းအလဲများရှိသလော။ ထိုသို့ရှိလျှင် သူတို့ကို အဘယ်ကြောင့် ငြင်းပယ်ခဲ့သနည်း။ ထိုမူဝါဒသည် အကျိုးရှိသည်ဟူသော သက်သေရှိသလော။ အခြေအနေကိုလိုက်၍ လုံလောက်သောမျှတမှုမည်မျှရှိနိုင်သနည်း။ ယေဘုယျအားဖြင့် စုံစမ်းစစ်ဆေးမှုသည် ပေးထားသော မျှတမှုသည် အစစ်ဟုတ်မဟုတ်နှင့် ပမာဏကြီးမားသော စီးပွားရေး မျှတမှု ထောက်ပံ့ပေးထားခြင်း ရှိမရှိကို စုံစမ်းမည်ဖြစ်သည်။ ဤသဘောတူညီချက်၏ ရည်ရွယ်ချက်များအရ စုံစမ်းစစ်ဆေးမှုက သက်သေသည် တရားမျှတမှုကို ထောက်ပံ့ပေးသည် ဆန့်ကျင်သည်ကို သတ်မှတ် တန်ဖိုးဖြတ်နိုင်ရန်ဟု နားလည်ရန် အရေးကြီးသည်။

ထိုမူဝါဒအတွက် သင့်တင့်သော မျှတမှုရှိသည်ဆိုလျှင်တောင်မှ တုံ့ပြန်သူအတွက် အနည်းအကျဉ်းမျှသော ခွဲခြားမှု ရှိနိုင်သည်။ မတူညီသော နစ်နာမှု စုံစမ်းစစ်ဆေးမှုတွင် ပြောင်းလဲနိုင်ချေရှိသည့် မူဝါဒများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး မူဝါဒတစ်ခုချင်းစီသည် အနည်းအကျဉ်းသော ခွဲခြားမှုကြောင့် ထိခိုက်ခြင်းနှင့် တူညီသည့်ရည်ရွယ်ချက်ရှိမရှိ သုံးသပ်ရမည်။ ဥပမာအားဖြင့် တင်းကျပ်သော မူဝါဒအရ ခွဲခြားနှင်ချမှု အမှုတွဲတစ်ခုတွင် အိမ်ပိုင်ရှင်သည် အပြစ်မဲ့ အကြမ်းဖက်ခံရသူများ မပါဝင်ဘဲ အမှားလုပ်သူများကိုသာ နှင်ချသည့် မူဝါဒကို သုံးစွဲနိုင်သည်။ ထိုမူဝါဒက အကြမ်းဖက်ခံရမှုကြောင့် မတရား အပြစ်ပေးခံရခြင်းမှ နေထိုင်သူများကင်းဝေးအောင် ကာကွယ်ပေးနိုင်သည်။

အချုပ်အားဖြင့် မတူညီသော နစ်နာမှုအမှုတွဲတစ်ခုအတွက် စုံစမ်းစစ်ဆေးမှုသည် အကာအကွယ်ပေးထားသော လူတန်းစားတစ်ရပ်အပေါ်တွင် ကြီးမားသော၊ မမျှတသော၊ မကောင်းသော နစ်နာစေမှုဖြစ်စေသော အိမ်ပိုင်ရှင်၏ မူဝါဒကို ဖော်ပြနိုင်မည့် သက်သေကို ရှာဖွေရမည်။ မတူညီသော နစ်နာမှုတိုင်ချက်ကို သက်သေထူခြင်းသည် စာရင်းအချက်အလက်နှင့် ခွဲခြားမှု ရည်ရွယ်ချက်သည် မသင့်လျော်ဟု ဖော်ပြမည့် မတူညီမှုကို ဖော်ပြသည့်မူဝါဒနှင့် ကွဲပြားမှုကြား အခြေခံအချိတ်အဆက် တို့အပေါ်တွင် ယေဘုယျအားဖြင့် မှီခိုသည်။

V. <u>အိမ်တွင်းအကြမ်းဖက်မှုနှင့် သက်ဆိုင်သော မျှတသော အိုးအိမ်နေရာချထားမှု အမှုတွဲများ</u>

နှင်ချသည့် အမှုတွဲများ။ အကြမ်းဖက်ခံရသူများသည် အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ရပ်များကြောင့် နှင်ချသည့် အသိပေးစာများဖြင့် ပြန်လည်ပေးဆပ်ရလေ့ရှိသည်။ အိမ်ပိုင်ရှင်များသည် အကြမ်းဖက်သူသည် အခြားနေထိုင်သူများကို အွန္တရာယ်သက်ရောက်နိုင်မှု နှင့် ၎င်းပြုလုပ်သော

ပစ္စည်းပျက်စီးမှု သို့မဟုတ် အခြား နှင်ချသည့် အကြောင်းပြချက်များဖြင့် အကြောင်းပြလေ့ရှိသည်။ အမှုတွဲအတော်များများတွင် ထိုနှင်ချမှုများကို VAWA သို့မဟုတ် မျှတသော အိမ်ရာချထားမှု အက်ဥပဒေ (Fair Housing Act) ကို ချိုးဖောက်မှုအဖြစ် ဖော်ပြသည်။

အယ်လ်ဗေးရား နှင့် အမှုတွဲအမှတ် (Alvera v. CBM Group, Case No) 01-857 (D. Or. 2001)။[26] အကြမ်းဖက်ခံရသူကို သူမ၏ ခင်ပွန်းက သူတို့၏ အခန်းတွင် နှိပ်စက်သည်။ သူမ၏ ယောကျ်ားအား တားမြစ်သည့် တရားရုံးအမိန့်စာ ရယူခဲ့သည်။ ထို့နောက် သူသည် အဖမ်းခံလိုက်ရပြီး နှိပ်စက်မှုအတွက် ထောင်ချခံလိုက်ရသည်။ သူမသည် တရားရုံးအမိန့်စာမိတ္တူကို အိမ်ယာမန်နေဂျာ ထံသို့ တင်ပြခဲ့သည်။ ထို အိမ်ယာမန်နေဂျာက ထိုအိမ်တွင်းအကြမ်းဖက်မှုဖြစ်ရပ်ကြောင့် သူမအနေဖြင့် 24 နာရီအတွင်း အိမ်ပေါ်မှ ဆင်းရမည့် အသိပေးစာကပ်ခဲ့သည်။ ထိုအသိပေးစာတွင် "သင်၊ သင့်အုပ်ထိန်းမှုအောက်မှ တစ်ယောက်ယောက်၊ သို့မဟုတ် သင့်အိမ်မွေးတိရစ္ဆာန်သည် ချက်ချင်း ထိခိုက်ဒဏ်ရာရစေနိုင်သော ပြင်းထန်သည့် ခြိမ်းခြောက်မှုပြုသည် သို့မဟုတ် အိမ်ပိုင်ရှင် သို့မဟုတ် အခြားနေထိုင်သူတစ်ဦးဦးကို ထိခိုက်ဒဏ်ရာရအောင် ပြုမူသည်" ဟု ဖော်ပြသည်။ ထိုအကြမ်းဖက်ခံရသူသည် ထို့နောက် ထိုအဆောက်အဦးတွင်ပင် အိပ်ခန်းတစ်ခန်းပါ အိမ်ခန်းလျှောက်ထားခဲ့သည်။ စီမံခန့်ခွဲသူများသည် သူမ၏ လျှောက်လွှာကို ပယ်ချခဲ့ပြီး သူမ၏ဌားရမ်းမှုကို လက်မခံခဲ့ပေ။ ဒုတိယ လျှောက်လွှာတင်ပြီးနောက် စီမံခန့်ခွဲသူများသည် သူမအား အိပ်ခန်းတစ်ခန်းပါ အိမ်ခန်းချထားပေးခဲ့သော်လည်း "မည်သည့်ပုံစံမျိုးနှင့် နောက်တစ်ခေါက်" အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားပါက သူမကို နှင်ချမည်ဟု အသိပေးခဲ့သည်။

အကြမ်းဖက်ခံရသူသည် HUD သို့ တိုင်ကြားစာတင်ခဲ့ပြီး HUDက သူမ၏ အမှုအား စစ်ဆေးပြီး အိမ်ယာစီမံခန့်ခွဲမှုအဖွဲ့ကို ခွဲခြားဆက်ဆံမှုဖြင့် ဒဏ်တပ်ခဲ့သည်။ သူမသည် ပြည်ထောင်စုတရားရုံးတွင် အမှုကို တင်ပြရန် ဆုံးဖြတ်ခဲ့သည်။ နောက်ပိုင်းတွင် အမှုအတွက် နှစ်ဦးနှစ်ဘက် သဘောတူညီချက်ရခဲ့သည်။ အော်ရီဂွန် ခရိုင်တရားရုံး (Oregon district court) မှ 2001 တွင် အတည်ပြုသော ခံယန်ချက် ဒီကရီတွင် စီမံခန့်ခွဲမှုအဖွဲ့သည် "အိမ်တွင်းအကြမ်းဖက်မှု အပါအဝင် အကြမ်းဖက်ခံရသူများဖြစ်ခြင်းကြောင့် နေထိုင်သူများကို နှင်မချရန် သို့မဟုတ် တနည်းအားဖြင့် ခွဲခြား ဆက်ဆံခြင်း မပြုရန်" သဘောတူညီစေခဲ့ပြီး သူတို့၏ မူဂါဒများကိုလည်း အလားတူပြောင်းလဲစေခဲ့သည်။ စီမံခန့်ခွဲမှုအဖွဲ့တွင် ပါဝင်သော ဂန်ထမ်းများသည် ခွဲခြားဆက်ဆံမှုနှင့် မျှတသော အိုးအိမ်နေရာချထားရေး ဥပဒေ ပညာပေး အစီအစဉ်များတွင် ပါဝင်ရမည်ဖြစ်သည်။ စီမံခန့်ခွဲမှုအဖွဲ့သည် အကြမ်းဖက်ခံရသူအား နစ်နာမှု လျော်ကြေးပေးရန်လည်း သဘောတူညီခဲ့သည်။

ဝါရင်း နှင့် ရပ်စီလန်တီ အိမ်ရာ အာဏာပိုင်အဖွဲ့၊ အမှုတွဲအမှတ် (Warren v. Ypsilanti Housing Authority Case No.)။ 4:02-cv40034 (E.D. Mich. 2003)။ အကြမ်းဖက်ခံရသူ၏ ရည်းစားဟောင်းသည် သူမ၏ နေအိမ်တွင်းသို့ ချိုးဖောက်ဝင်ရောက်ပြီး သူမကို ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပြုလုပ်ခဲ့သည်။ ထိုတိုက်ခိုက်မှုကို သူမက ရဲခေါ်၍ တိုင်ကြားခဲ့သည် ရပ်စီလန်တီ အိမ်ရာ အာဏာပိုင်အဖွဲ့ (Ypsilanti Housing Authority-YHA) က ထိုအကြောင်းအရာကို သိသောအခါ အကြမ်းဖက်ခံရသူနှင့် သူမ၏သားကို သူတို့၏ တင်းကျပ်သည့်မူဂါဒအရ အိမ်မှ နှင်ချရန် ကြိုးပမ်းခဲ့သည်။ ACLU သည် အိမ်တွင်းအကြမ်းဖက်မှုခံရသူများမှာ အများအားဖြင့် အမျိုးသမီးများ ဖြစ်လေ့ရှိကြောင်း၊ သူတို့အပေါ် ကျူးလွန်သော အကြမ်းဖက်မှုကြောင့် အိမ်တွင်းအကြမ်းဖက်ခံရသူများကို နှင်ချသည့် မူဂါဒသည် ပြည်ထောင်စု မျှတသော အိုးအိမ်ချထားမှု အက်ဥပဒေ (Fair Housing Act) နှင့် ပြည်နယ် ဥပဒေတို့ကို ချိုးဖောက်ရာကျပြီး လိင်နှင့် သက်ဆိုင်သည့် မတူညီသည့် နစ်နာမှုဖြစ်ပေါ်စေကြောင်း လျှောက်ထားကာ YHA ကို ခွဲခြားဆက်ဆံမှုဖြင့် တရားစွဲခဲ့သည်။ ထို့နောက် နှစ်ဦးနှစ်ဘက် သဘောတူညီမှုရရှိခဲ့ပြီး YHA က အိမ်တွင်း အကြမ်းဖက်မှုတရားခံများကို သူတို့၏ "တစ်ချက်ထိ မူဂါဒ"အရ နှင်ချခြင်းမှ ရပ်တန့်ရန် နှင့် အကြမ်းဖက်ခံရသူကို နစ်နာကြေးပေးရန် သဘောတူညီခဲ့သည်။

ဘော်လေး နှင့် ယန်း-ဆပ်ဘိုရင်း (Bouley v. Young-Sabourin394 F. Supp. 2d 675 (D. Vt. 2005)။ အကြမ်းဖက်ခံရသူသည် သူမ၏ ခင်ပွန်းက သူတို့အိမ်တွင် သူမအား ရိုက်နှက်ပြီးနောက် ရဲခေါ်ခဲ့သည်။ သူမသည် သူမခင်ပွန်းအား တားမြစ်သည့် တရားရုံးအမိန့်စာ ရရှိပြီးနောက် အိမ်ပိုင်ရှင်ကိုအကြောင်းကြားခဲ့သည်။ အိမ်ပိုင်ရှင်က အကြမ်းဖက်ခံရသူအား ဖြစ်ရပ်အကြောင်း ပြောဆိုပြီး ပဋိပက္ခကို ဖြေရှင်းရှင် အားပေးကာ ဘာသာရေးအကူအညီရယူဖို့ ပြောကြားခဲ့သည်။ အကြမ်းဖက်ခံရသူက သူမ၏ အိမ်ပိုင်ရှင်အား သူမ၏ အခန်းသို့ ပြန်လာခွင့် ပေးတော့မည်မဟုတ်ကြောင်းနှင့် ဘာသာရေးအကူအညီရယူရန် စိတ်မဝင်စားကြောင်း ပြောကြားခဲ့သည်။ အိမ်ပိုင်ရှင်သည် "ဆူပူမှုဆက်လက် ဖြစ်ပေါ်လာမည်မှာ ရှင်းလင်း" သည်ဟု ဖော်ပြထားသော နှင်ထုတ်သည့် အသိပေးစာ ထုတ်ခဲ့သည်။ နှစ်ဖက်လျှောက်လဲချက်များကို ကြားနာပြီးနောက် တရားရုံးက အကြမ်းဖက်ခံရသူသည် မျှတသော အိုးအိမ်ချထားမှု အက်ဥပဒေ (Fair Housing Act) အရ လိင်ပိုင်းဆိုင်ရာ ခွဲခြားမှုနှင့် ပတ်သက်သည့် မှားယွင်းသော သက်သေတင်ခဲ့သည်ဟု ယူဆခဲ့သည်။ ထို့နောက် အမှုအတွက် သဘောတူညီချက်ရခဲ့သည်။

တီဗျေ နှင့် စိန့် လူးဃစ် အိမ်ရာအာဏာပိုင်အဖွဲ့ (T.J. v. St. Louis Housing Authority) (2005)။ အကြမ်းဖက်ခံရသူသည် သူမ၏ ကြမ်းတမ်းသော ရည်းစားဟောင်းနှင့် လမ်းခွဲပြီးနောက် ခြိမ်းခြောက်မှုများ နှင့် ဆူပူမှုများကို ကြုံတွေ့ခဲ့ရသည်။ သူမက သူ့အား အိမ်တွင်းသို့ ဝင်ခွင့်ပေးရန် ငြင်းပယ်သောအခါ သူမအိမ်နန်းမှ ပြတင်းပေါက်ကို ရိုက်ခွဲခဲ့သည်ဟု သိရသည်။ သူမသည် တရားရုံးတားမြစ်မိန့်ကို ရယူခဲ့ပြီး သူမ၏ အိမ်ပိုင်ရှင်ကို အသိပေးခဲ့သည်။ အိမ်ပိုင်ရှင်က သူမသည် သူမ၏ ရည်းစားဟောင်းကြောင့်ဖြစ်ပွားရသော အိမ်ပျက်စီးမှုကြောင့် ဌားရမ်းမှု သဘော

[26] ဆုံးဖြတ်ချက်မိတ္တူကို ဤမှာကြားစာနှင့် ပူးတွဲဖော်ပြထားသည်။

တူညီချက်ကို ချိုးဖောက်ကြောင်း အသိပေးစာထုတ်ပြန်ခဲ့ပြီး သူမ၏ အိမ်တွင်းတွင် ဖြစ်ပွားသောအခြေအနေအတွက် သူမတွင် တာဝန်ရှိသည် ဟုဆိုကာ ဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခဲ့သည်။ နောက်ဆုံးတွင် သူမ၏ ရည်းစားဟောင်းသည် အိမ်ကို ဖျက်ဝင်ပြီး သူမ ထွက်ပြေး လွတ်မြောက်သွားသောအခါ အိမ်ကို ဖျက်ဆီးခဲ့သည်။ ထိုအဖြစ်အပျက်ကို အခြေခံ၍ အိမ်ရာအာဏာပိုင်အဖွဲ့က သူမကို နှင်ထုတ်ရန် ကြိုးပမ်းခဲ့သည်။ အကြမ်းဖက်ခံရသူသည် HUD သို့ တိုင်ကြားခဲ့ပြီး HUD သည် အမှုကို အဆင်ပြေအောင် ညှိနှိုင်းပေးခဲ့သည်။ ညှိနှိုင်းသဘောတူညီမှုအရ အိမ်ရာ အာဏာပိုင်အဖွဲ့သည် သူမကို အခြားအခန်းတွင် ပြန်လည်နေရာချထားပေးရန်၊ ကွဲသွားသော ပြတင်းပေါက်အတွက် သူမပေးထားရသော ငွေကို ပြန်ပေးရန်၊ သူမ၏ ရည်းစားဟောင်းကို သူမနေထိုင်သော အိမ်ရာသို့ မလာအောင် တားမြစ်ရန်၊ နှင့် အဖွဲ့၏ ဝန်ထမ်းများကို အိမ်တွင်းအကြမ်းဖက်မှု ပညာပေးသင်တန်းသို့ ပို့လွှတ်ရန် သဘောတူညီခဲ့ရသည်။

လူးဝစ် နှင့် North End Village၊ အမှုတွဲအမှတ် (Lewis v. North End Vilage, Case No. 2:07-cv-10757 (E.D.Mich. 2007)။ အကြမ်းဖက်ခံရသူသည် သူမ၏ ရိုင်းပြသော ရည်းစားဟောင်းရန်မှ ပုဂ္ဂိုလ်ရေး ကာကွယ်မှု အမိန့်ကို ရယူခဲ့သည်။ လအနည်းငယ်ကြာသောအခါ သူမ၏ ရည်းစားဟောင်းသည် သူမ၏ အခန်းတွင်းသို့ ပြတင်းပေါက်နှင့် ရှေ့တံခါးမကြီးကို ချိုးဖျက်ပြီး သူမ၏ အခန်းတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည်။ သူမ၏ အခန်းကို ပိုင်ဆိုင်သော စီမံခန့်ခွဲမှု ကုမ္ပဏီသည် သူမ၏ ရည်းစားဟောင်းပြုလုပ်သော အိမ်ရာပျက်စီးမှုကို အခြေခံ၍ အကြမ်းဖက်ခံရသူနှင့် သူမ၏ ကလေးများကို နှင်ချခဲ့သည်။ မီချီဂန် (Michigan) ရှိ ACLU ၏ အကူအညီဖြင့် သူမသည် ထိုစီမံခန့်ခွဲမှုကုမ္ပဏီကို ပြည်ထောင်စုတရားရုံးသို့ မျှတသော အိုးအိမ်နေရာချထားပေးရေး အက်ဥပဒေ (FHAct)အရ လိုင်ခွင့်ခြားမှုဖြင့် လျှောက်ထားခဲ့သည်။ စီမံခန့်ခွဲမှု ကုမ္ပဏီ၏ ခွဲခြားမှုမရှိသော အိမ်တွင်းအကြမ်းဖက်မှု မူဂါဒအသစ်နှင့် အကြမ်းဖက်ခံရသူအတွက် နစ်နာကြေးပေးအပ်ရန် သဘောတူညီမှုဖြင့် အမှုကို အဆုံးသတ်ခဲ့သည်။

ဘရွတ်ကလင်း အိမ်ပိုင်ရှင် နှင့် ကင်းစီရင်စု၏ ပြည်သူ့တရားရုံး (Brooklyn Landlord v. R.F. -Civil Court of Kings County 2007)။ အကြမ်းဖက်ခံရသူ၏ ရည်းစားဟောင်းသည် သူမနှင့် လမ်းခွဲပြီးသည့်နောက်တွင် စိတ်အနောက်အယှက်ပေးခြင်း၊ လိုက်လံချောင်းမြောင်းခြင်း၊ နှင့် ခြိမ်းခြောက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ 2006 ခုနှစ် ဇန်နေဝါရီပိုင်းတွင် သူသည် သူမ၏ အခန်းသို့ သန်းခေါင်အချိန်တွင်လာကာ တံခါးကို ကန်ပြီး အော်ဟစ်သည်။ အဆောက်အဦး လုံခြုံရေးအစောင့်ကို အကြမ်းဖက်ခံရသူက ခေါ်ခဲ့သော်လည်း သူမကို အကြမ်းဖက်သူအား ဖျောင်းဖျရန် မတတ်နိုင်ခဲ့ပေ။ ထို့နောက် ရဲမရောက်ခင် သူပြန်ထွက်သွားခဲ့သည်။ တစ်ပတ်ကြာပြီးနောက် အကြမ်းဖက်သူသည် ထိုအဆောက်အဦးသို့ နောက်တစ်ကြိမ် ထပ်လာပြီး ယခင်လုံခြုံရေးနှင့်ပင် ခိုက်ရန်ဖြစ်ပွားပြီး သေနတ်နှင့် ပစ်ခတ်ခဲ့သည်။ အကြမ်းဖက်ခံရသူသည် ထိုအဖြစ်အပျက်ကြောင့် အခန်း 8 အိမ်ပိုင်ရှင်မှ နှင်ချသည့်အသိပေးစာ ပေးခြင်းခံရသည်။ အကြမ်းဖက်ခံရသူသည် VAWA အရ နှင်ချခြင်းကို ချေပချက်များ တင်ပြပြီး နှင်ချခြင်းတွင် FHAct အရတားမြစ်ထားသော လိင်ခွဲခြားမှု ပါဝင်ကြောင်း လျှောက်ထားကာ အရေးပေါ် တရားစီရင်မှုအဆိုကို တင်သွင်းခဲ့သည်။ သူမ၏ ရည်းစား ဟောင်းကို အိမ်ရာတွင်း ဝင်ရောက်ခြင်းမှ တားဆီးရန် ကြိုးပမ်းပါမည်ဟု အိမ်ပိုင်ရှင်က သဘောတူပြီးနောက် နှစ်ဦးနှစ်ဘက် ပြေလည် ကျေအေး ခဲ့သည်။

ဂျုံးစ် နှင့် ဆော့တ်လိတ်စီရင်စု အိမ်ရာအာဏာပိုင်အဖွဲ့ (Jones v. Housing Authority of Salt Lake County (D. Utah, 2007 တွင် အမှု ဖွင့်သည်)။ အကြမ်းဖက်ခံရသူသည် လျှောက်ထားခဲ့ပြီး 2006 ခုနှစ်တွင် အခန်း 8 ဘောက်ချာရရှိခဲ့သည်။ ထိုနှစ်နှောင်းပိုင်းတွင် သူမနှင့် သူမ၏ ကလေးများသည် အုတက်ရှ်(Utah) ပြည်နယ်၊ ကန်းစ် (Kearns) ရှိနေအိမ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ သူမအား ယခင်က အကြမ်းဖက် နှိပ်စက်ခဲ့သော သူ၏ ခင်ပွန်းအား ထိုအိမ်သို့ ပြောင်းရွှေ့ခွင့် နေထိုင်ခွင့်ပေးခဲ့သည်။ သူရောက်လာပြီး မကြာမီတွင် အကြမ်းဖက်ခံရသူသည် သူ အရက် ပြန်သောက်သည်ကို တွေ့ခဲ့ရသည်။ သူသည် နံရံကို လက်သီးဖြင့် ထိုးဖောက်ပြီးနောက် အကြမ်းဖက်ခံရသူက သူ့အား အိမ်မှထွက်သွားရန် ပြောခဲ့သည်။ သူက ငြင်းပယ်သောအခါ သူမသည် အိမ်ရာအာဏာပိုင်အဖွဲ့အား အကြမ်းဖက်ခံရမှုမှ ရှောင်လွှဲနိုင်ရန် သူမ၏ ကလေးများနှင့် အတူ ထိုအိမ်မှ ထွက်ခွာသွားရန် သူမ စီစဉ်နေသည်ဟု ပြောကြားခဲ့သည်။ အိမ်ရာအာဏာပိုင်အဖွဲ့သည် သူမအား အိမ်ရာ အထောက်အပံ့ ဖြတ်တောက်မှုကို လက်ခံသည့် အသိပေးချက်တွင် လက်မှတ်ရေးထိုးစေသည်။ ထိုသို့ ဖြတ်တောက်မှုကို ပယ်ဖျက်ရန် ကြားနာမှုပြုလုပ်ရန် တောင်းဆိုခဲ့သည်။ အိမ်ရာအာဏာပိုင်အဖွဲ့က သူမ၏ သူမခင်ပွန်း၏ ကြမ်းတမ်းသော အပြုအမူအား မည်သည့် အခါကမှ ရဲတိုင်ကြားခြင်းမရှိဟု ဆိုကာ အထောက်အပံ့များအားဖြတ်တောက်မှုသည် သင့်လျှော်သည်ဟု ဆုံးဖြတ်ချက်ချသည်။ အုတက်ရှ် ဥပဒေအကျိုးဆောင်လုပ်ငန်း (Utah Legal Services)၏ အကူအညီဖြင့် သူမသည် ပြည်ထောင်စု တရားရုံးသို့ သူမ၏ ရပိုင်ခွင့်များအား ဖြတ်တောက်မှုသည် VAWA နှင့် FHAct အက်ဥပဒေများကို ချိုးဖောက်ရာရောက်သည်ဟု လျှောက်ထားကာ အိမ်ရာအာဏာပိုင်အဖွဲ့ကို တရားစွဲဆိုခဲ့သည်။

ကလိမ်စ်-မီလန်နှင့် AIMCO Elm Creek (Cleaves-Milan v. AIMCO Elm Creek LP, 1:09-cv-06143 (N.D. Ill., October 1 2009 တွင် အမှုဖွင့်သည်)။ 2007 ခုနှစ်တွင် အကြမ်းဖက်ခံရသူသည် သူမ၏ သတို့သားလောင်း၊ သူမ၏ သမီးတို့နှင့်အတူ အီလီနွိုက်စ် (Illinois) ပြည်နယ်၊ အမ်းဟက်စ် (Elmhurst) သို့ပြောင်းရွှေ့နေထိုင်ခဲ့သည်။ မကြာမီကာလအတွင်း သူမ၏ သတို့သားလောင်းသည် ဆိုးသွမ်းလာသဖြင့် သူမသည် သူနှင့် လမ်းခွဲခဲ့သည်။ သူသည် မူမမှန်ဖြစ်လာပြီး သေနတ်တစ်လက် ပြုလုပ်ကာ သူကိုယ်တိုင်နှင့် သူမကို ပစ်သတ်ရန် ခြိမ်းခြောက်ခဲ့သည်။ သူ့အား ဖယ်ရှားရန်အတွက် သူမသည် ရဲခေါ်ခဲ့ရပြီး အကာအကွယ် အမိန့်စာရယူခဲ့ကာ အဆောက်အဦးစီမံခန့်ခွဲမှုလုပ်ငန်း၏ ဝံဟန်ချက်အရ သူ့အား ဌားရမ်း

မှုမှ ဖယ်ထုတ်ခဲ့သည်။ သူမ၏ ငှားရမ်းခကို သူမပေးရန် ကြိုးစားသောအခါ "အိမ်ရာဂင်းအတွင်း မည်သည့်အချိန်တွင်မဆို မှုခင်းတစ်ခုကို ဖြစ်စေလျှင် ထိုအိမ်ထောင်စုကို နှင်ထုတ်မည်"ဟုဆိုကာ အိမ်ရာအာဏာပိုင်အဖွဲ့က သူမကို နှင်ထုတ်ကြောင်း ပြောခဲ့သည်။ ဆင်းရဲ မွဲတေမှုဥပဒေဆိုင်ရာ ဆာဂျင် ရှရိုက်ဗာ အမျိုးသားဌာန (Sargent Shriver National Center on Poverty Law) ၏ အကူအညီဖြင့် သူမသည် စီမံခန့်ခွဲမှု ကုမ္ပဏီကို မျှတသော အိုးအိမ်နေရာချထားမှု ဥပဒေအရ လိုင်စွဲခြားမှုအတွက တရားစွဲဆိုခဲ့သည်။

အရှေ့အပြောင်းပြုသော အမှုတွဲများ။ အကြမ်းဖက်ခံရသူများသည် တစ်ခါတစ်ရံ အကြမ်းဖက်သူ လက်မှ လွတ်မြောက်နိုင်ရန် အိမ်ရာ အာဏာပိုင်အဖွဲ့ကို ရွှေ့ပြောင်းခွင့် တောင်းရလိမ့်မည်။ မကြာသေးမီက အမှုတွဲနှစ်ခုတွင် ပြောင်းရွှေ့ခွင့်ငြင်းပယ်မှုများကို မျှတသော အိုးအိမ်နေရာချထားမှု အက်ဥပဒေအရ လိုင်စွဲခြားမှုဖြင့်တရားစွဲဆိုခဲ့ပြီး မတူညီသည့် ရလဒ်များထွက်ခဲ့သည်။

ဘလက်ဝဲလ် နှင့် H.A. အိမ်ရာ LP (Blackwell v. H.A. Housing LP, Civil Action No. 05-cv-01225-LTB-CBS (D. Colo. 2005). အကြမ်းဖက်ခံရသူ၏ ရည်းစားဟောင်းသည် သူမ၏ အိပ်ခန်းအတွင်းသို့ ချိုးဖျက်ဝင်ရောက်ခဲ့ပြီး နာရီပေါင်းများစွာ သူမအား မုဒိမ်းကျင့်၊ ရိုက်နှက်ပြီး ဓားဖြင့်ထိုးသည်။ သူမသည် အခြားအိမ်ရာဂင်းသို့ ပြောင်းရွှေ့ခွင့်တောင်းခံခဲ့သည်။ အဆောက်အဦး စီမံခန့်ခွဲမှုအဖွဲ့သည် သူမ၏ ပြောင်းရွှေ့ခွင့် တောင်းခံမှုကို ငြင်းပယ်ခဲ့ပြီး ရဲက သူ့အားလိုက်ဖမ်းသောအခါ သူမနှင့် သူမ၏ ကလေးများအား ပုန်းနေရစေသည်။ ကော်လိုရာဒို ဥပဒေ အကျိုးဆောင်အဖွဲ့ (Colorado Legal Services) ၏ အကူအညီဖြင့် အကြမ်းဖက်ခံရသူသည် ပြည်ထောင်စုတရားရုံးသို့ မတူညီသော အကျိုးဆက်သီအိုရီအရ လိုင်အခြေခံခွဲခြားမှုပါဝင်သော အပြောင်းအရွှေ့ငြင်းပယ်မှုအဖြစ် လျှောက်ထားတိုင်ကြားခဲ့သည်။ နောက်ဆုံးတွင် နှစ်ဖက် သဘောတူညီချက်ရခဲ့သည်။ အိမ်ပိုင်ရှင်သည် အိမ်တွင်းအကြမ်းဖက်ခံရသူအား ခွဲခြားဆက်ဆံခြင်းကို တားမြစ်သော၊ အကြမ်းဖက်ခံရသူများသည် ရုပ်ပိုင်းဆိုင်ရာအွန်လာရယ်သက်ရောက်နေပါက အခန်း 8 အဆောက်အဦးသို့ အရေးပေါ် ပြောင်းရွှေ့ခွင့်ပြုသော အိမ်တွင်းအကြမ်းဖက်မှု မူဂါဒသစ်တစ်ရပ်ကို အသုံးပြုရန် သဘောတူညီခဲ့ရသည်။

ရော်ဘင်ဆင် နှင့် စင်စင်နာတီ မြို့တော် အိမ်ရာ အာဏာပိုင်အဖွဲ့ အမှုတွဲအမှတ် *(Robinson v. Cincinnati Metropolitan Housing Authority)*။ Case No. 1:08-CV-238 (S.D. Ohio 2008)။ အကြမ်းဖက်ခံရသူသည် 2006 ခုနှစ်တွင် စင်စင်နာတီပြည်သူ့အိမ်ရာ အခန်းသို့ သူမ၏ ကလေးများနှင့်အတူ ပြောင်းရွှေ့ခဲ့သည်။ သူမသည် သူမအား ထပ်ခါထပ်ခါ အကြမ်းဖက်ခဲ့သူ အိမ်နီးချင်းတစ်ယောက်နှင့် ချိန်းတွေ့မှုပြုခဲ့သည်။ သူမ၏ လမ်းခွဲရန် ကြိုးစားသောအခါ သူက သူမအား ပြင်းထန်စွာ ရိုက်ပြီး အခန်းသို့ ပြန်လျှင် သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ သူမသည် အကာအကွယ်ပေးရေးအမိန့်ကို ရယူခဲ့ပြီး စင်စင်နာတီ မြို့တော် အိမ်ရာ အာဏာပိုင်အဖွဲ့ (CMHA) သို့ တင်ပြကာ အရေးပေါ် အပြောင်း အရွှေ့ တောင်းခဲ့သော်လည်း ငြင်းပယ်ခံခဲ့ရသည်။ အကြမ်းဖက်ခံရသူသည် အခန်းအတွက်ငှားရမ်းခ ပေးချေသော်လည်း လုံခြုံရေးအတွက် သူငယ်ချင်းများနှင့် သူတို့ မိသားစုများနှင့် သွားရောက်နေထိုင်ခဲ့သည်။ အနောက်တောင်အိုဟိုင်းယိုး ဥပဒေရေးရာ ကူညီမှုအသင်း (Legal Aid Society of Southwest Ohio) ၏ အကူအညီဖြင့် အကြမ်းဖက်ခံရသူသည် CMHA ကို ပြည်ထောင်စု တရားရုံးတွင် အကြမ်းဖက်သူ၏ လုပ်ရပ် ကြောင့် အခြားနေထိုင်သူများကို ပေးသောအခွင့်အရေးများကို မပေးကြောင်း၊ CMHA သည် သူမအား လိုင်အခြေခံခွဲခြားမှုကို ရည်ရွယ်ချက်ရှိရှိ ပြုလုပ်ကြောင်းလျှောက်ထားကာ တိုင်ကြားခဲ့သည်။ တရားရုံးက CMHA ၏ မူဂါဒသည် အလွန်ပြင်းထန်သော မှုခင်းများခံရသူ ကာယကံရှင်များ ကိုသာ အရေးပေါ် ပြောင်းရွှေ့ခွင့်ပေးပြီး အိမ်တွင်းအကြမ်းဖက်ခံရသူများကို မပေးဟု တွေ့ရှိရသဖြင့် ယာယီတားမြစ်မိန့် နှင့် အကြိုတရားရုံးမိန့် အတွက် သူမ၏ အဆိုကို ပယ်ချခဲ့သည်။ တရားရုံးသည် CMHA သည် FHAct အရ သူမ၏အခွင့်အရေးများကို အပြောင်းအရွှေ့အား ငြင်းပယ်ခြင်းဖြင့် ချိုးဖောက်မှုမပြုကြောင်းဖော်ပြပြီး အိမ်တွင်းအကြမ်းဖက်မှု အခြေခံနှင်ထုတ်ခြင်းနှင့် အကြမ်းဖက်ခံရသူ၏ အမှုတွဲ[27] ကို ခွဲခြားပြခဲ့သည်။

VI. <u>အိမ်တွင်းအကြမ်းဖက်ခံရသူများကို ဆက်ဆံသည့်အခါ လက်တွေ့ကျင့်သုံးရသော အချက်များ</u>

အိမ်တွင်းအကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် စုံစမ်းစစ်ဆေးသူတစ်ယောက်သည် အကြမ်းဖက်ခံရသူ၏ သဘောထားများကို စာနာထောက်ထားရမည်။ သူမှုသည် အိမ်ရာနေရာချထားမှု ခွဲခြားခံရသူဖြစ်နိုင်ရုံမျှမက အကြမ်းဖက်ခံရသူလည်း ဖြစ်သည်။ သူမသည် အိမ်တွင်း အကြမ်းဖက်မှုကြောင့် အိမ်ပေါ်မှနှင်ချခြင်း သို့မဟုတ် အခြားမကောင်းသော အကျိုးသက်ရောက်မှုကို ခံစားနေရပြီး အရေးပေါ် လုံခြုံရေးစိုးရိမ်မှုလည်း ရှိလေ့ရှိသည်။ အကြမ်းဖက်သောသူတစ်ခါပြန်လာပြီး သူမနှင့် သူမကလေးများကို ထပ်မံထိခိုက်နာကျင်စေမည်ကိုလည်း စိုးရိမ်ရသည်။ စုံစမ်းစစ်ဆေးသူက အိမ်တွင်းအကြမ်းဖက်မှုခံရသူ၏ ရင်းမြစ်များကို သတိထားရမည်ဖြစ်ပြီး ၎င်းကို ဥပဒေအဖွဲ့အစည်း သို့မဟုတ် ရဲသို့ ညွှန်းနိုင်သည်။[28] ထို့အပြင် စုံစမ်းစစ်ဆေးသူများသည် အကြမ်းဖက်ခံရသူများက သူတို့၏ဇာတ်ကြောင်း ပြန်ပြောရန်ဂန်လေးတတ်သည်ကိုလည်း နားလည်သင့်ပေသည်။

---

[27] ရော်ဘင်ဆင်၏ ယာယီတားမြစ်မိန့်နှင့် အကြိုတရားရုံးမိန့်ကို ငြင်းပယ်သည့် အမိန့်တွင် တရားရုံးက *ဘိုလေ၊ လူးဟစ်၊ ဂါရင်း* နှင့် *အယ်ဗေးရား* တို့အား အယ်ဗေးရား၏ အမှုတွဲသည် `အမျိုးသမီးများအား တစ်ကြိမ် အကြမ်းဖက်ခံရပါပြီး နောက်ထပ်အနှင်ထုတ်ခံရခြင်းဟူသည့် နှစ်ခါနစ်နာစေသည့် အမှုတွဲ၊´ အဖြစ်ဆုံးဖြတ်သည်။ အမိန့်ကို စာ -6 တွင် ရှု။

[28] နိုင်ငံတဝှမ်း ရင်းမြစ်များတွင် အမျိုးသားအိမ်တွင်းအကြမ်းဖက်မှု သီးသန့်ဖုန်းလိုင်း 1-800-799-SAFE (7233) သို့မဟုတ် www.thehotline.org, နှင့် www.womenslaw.org. မည်သည့် ရင်းမြစ်ကမှ အကြမ်းဖက်ခံရသူကို ဒေသတွင်းရှိ ဥပဒေအကျိုးဆောင်များဆီသို့လည်းကောင်းညွှန်းဆိုခြင်းသော်လည်းကောင်း၊ လုံခြုံစိတ်ချ ရသော စီမံကိန်း အကြံဉာဏ်များပေးခြင်းသော်လည်း ကောင်းပြုလုပ်နိုင်သည်။

အကြမ်းဖက်ခံရသူများသည် အိမ်ရာအာဏာပိုင်များ၊ ရဲများသို့မဟုတ် တရားရုံးများနှင့် ပတ်သက်ပြီး အတွေ့အကြုံဆိုးများရှိနေသဖြင့် "စနစ်"ကို အယုံအကြည်မဲ့နေတတ်သည်။ ထို့ကြောင့် စုံစမ်းစစ်ဆေးသူများသည် အကျိုးရှိသော စုံစမ်းစစ်ဆေးမှု တစ်ခုပြုလုပ်နိုင်ရန် အကြမ်းဖက်ခံရသူများကို စိတ်ရှည်၊ နားလည်မှုပေးရမည်ဖြစ်ပြီး သူတို့အား ဖေဖန်ရန်၊ သံသယဝင်ရန် ပြုလုပ်ရန် မကြိုးစားသင့်ပေ။[29]

VII. နိဂုံး

အမျိုးသမီးများအား အကြမ်းဖက်မှုအက်ဥပဒေ (Violence Against Women Act) သည် အိမ်တွင်းအကြမ်းဖက်ခံရသူများကို အိမ်ရာနေရာချထားမှု ခွဲခြားခံရမှုမှသာ အကာအကွယ်ပေးပြီး လင်မှုကိစ္စအခြေခံ ခွဲခြားဆက်ဆံမှု သို့မဟုတ် အကာအကွယ်ပေးထားသော အတန်းအစား တစ်ရပ်အား ခွဲခြားမှု များမှမှု ကာကွယ်ပေးခြင်းမရှိပေ။ အကြမ်းဖက်ခံရသူသည် သူမကြုံတွေ့ခဲ့ရသော အိမ်တွင်းအကြမ်းဖက်မှုကြောင့် အိမ်ရာနေရာချထားပေးမှု ငြင်းပယ်ခံရခြင်း၊ နှင်ချခံရခြင်း သို့မဟုတ် အထောက်အပံ့များဖြတ်တောက်ခံရခြင်းတို့ကြုံတွေ့ရပါက ကျွန်ုပ်တို့အနေဖြင့် ထိုငြင်းပယ်မှု သို့မဟုတ် လုပ်ဆောင်မှုသည် မျှတသော အိုးအိမ်နေရာချထားမှု အက်ဥပဒေ (Fair Housing Act) ကို ချိုးဖောက်မဖောက် စုံစမ်းစစ်ဆေးသင့်သည်။ အကြမ်းဖက်ခံရသူသည် လင်ပိုင်းဆိုင်ရာခွဲခြားမှုကို လျှောက်ထားတိုင်ကြားနိုင်သလို တိုင်းရင်းသား သို့မဟုတ် အမျိုးဖာတိနှင့် ပတ်သက်သည့် အခြားခွဲခြားမှုများကိုလည်း လျှောက်ထားနိုင်သည်။

ဤသဘောတူညီချက်နှင့် ပတ်သက်၍ မေးမြန်းလိုသူများသည် Allison Beach, Office of the Deputy Assistant Secretary for Enforcement ad Programs, ဖုန်းနံပါတ် (202) 619-8046, တိုးချဲ့နံပါတ် 5830 သို့ ဆက်သွယ်နိုင်သည်။

[29] အိမ်တွင်းအကြမ်းဖက်မခံရသူများနှင့် အလုပ်လုပ်ရန် အကြံဉာဏ်ထပ်လိုလျှင်၊ လိုရီတာ အမ် ဖရက်ဒရစ် (Loretta M. Frederick) အနှိပ်စက်ခံရသော အမျိုးသမီးကိုယ်စား အကျိုးရှိသော ဥပဒေရေးရာ၊ အနှိပ်စက်ခံရသော အမျိုးသမီး၏ တရားမျှတရေး (*Effective Advocacy on Behalf of Battered Women*, The Battered Women's Justice Project) ကို http://www.bwjp.org/files/bwjp/articles/Effective_Advocacy_Battered_Women.pdf. တွင်ရနိုင်သည်။

သင့်တင့်သော အကြောင်းရင်းကို ဆုံးဖြတ်ခြင်း

အမှုအမည်: Alvera v Creekside Village Apartments

အမှုအမှတ်: 10-99-0538-8

I. တရားရုံးတင်စစ်ဆေးခြင်း

တိုင်ကြားသူ မစ္စတစ်ဖနီ အန်း အယ်ဗေးရား (Ms. Tiffani Ann Alvera)သည် ခုခံချေပသူများဖြစ်သော Creekside Village Apartments, ကယ်လီဖိုးနီးယား လီမိတက် အစုအစပ်တစ်ခု(California Limited Partnership;)၊ General Partners Edward နှင့် Dorian Mackay; The CBM Group, Inc.; နှင့် CBM Group မှ ၇နှ်ထမ်းများဖြစ်သော Creekside Village Apartments ဌာနေမန်နေဂျာ ကာရင်မော့ခ် (Karen Mock)၊နှင့် အိမ်ရာကြီးကြပ်ရေး မန်နေဂျာ အိုင်နက်ဖ ကိုရန်နက်ဗ်စကီး (Inez Corenevsky) တို့၏ ခွဲခြားဆက်ဆံမှုကြောင့် နစ်နာခဲ့သည် ဟုလျှောက်ထားပြီး ဌာနသို့ 1999 ခုနှစ် အောက်တိုဘာလ 22 ရက်နေ့တွင် တိုင်ကြားခဲ့သည်။ ခုခံချေပသူများသည် မျှတသော အိုးအိမ်နေရာချထားမှုအက်ဥပဒေ (Fair Housing Act) ၏ အခန်း 804 (a) နှင့် (b) ကိုဖောက်ဖျက်သော ငှားရမ်းခွဲခြားခြင်းပယ်မှုနှင့် ခွဲခြားသော သဘောတူညီချက်များ၊ အခြေအနေများ၊ လုပ်ပိုင်ခွင့်များ သို့မဟုတ် ၇နှ်ဆောင်မှုများနှင့် အဆောက်အဦးများနှင့် ပတ်သက်ပြီးတာ၇နှ်ရှိသည်ဟု စွပ်စွဲသည်။ အနီးကပ်ဆုံးခွဲခြားမှုကို 1999 ခုနှစ် စက်တင်ဘာလ 7 ရက်နေ့ကပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုအိမ်ရာသည် Creekside Village Apartments, 1953 Spruce Drive, Seaside, Oregon ဖြစ်သည်။ ထိုအိမ်ရာသည် အက်ဥပဒေ၏ ချွင်းချက်အဖြစ်သတ်မှတ်ထားသော အိမ်ရာမဟုတ်ပေ။

ခုခံချေပသူများသည် အမေရိကန် စိုက်ပျိုးရေး၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ငွေကြေးအထောက်အပံ့ရယူထားကြသည်။

II. တိုင်ကြားသူ၏ စွဲချက်များ

မစ္စအယ်ဗေးရားသည် 1999 ဩဂုတ်လ 2 ရက်နေ့တွင် Creekside Village Apartments ရှိ အခန်း 21 သူတို့၏ အိမ်တွင် သူမ၏ ခင်ပွန်းမှ ရုပ်ပိုင်းဆိုင်ရာအရ နှိပ်စက်ခြင်းခံခဲ့ရသည်။ သူမ၏ ခင်ပွန်းမှ ထောင်ကျခဲ့ပြီး မစ္စအယ်ဗေးရားအနေဖြင့် သူ့အားယာယီတားမြစ်မိန့်ကို ရယူခဲ့သည်။ 1999 ခုနှစ် ဩဂုတ်လ 4 ရက်နေ့တွင် အော်ရဂွန်ဥပဒေကို အမီးပြု၍ "သင်၊ သင့်အုပ်ထိန်းမှုအောက်မှ တစ်ယောက်ယောက် သို့မဟုတ် သင့် အိမ်မွေးတိရိစ္ဆာန်သည် အိမ်ပိုင်ရှင်ကိုလည်းကောင်း အခြားနေထိုင်သူများကို ထိခိုက်ဒဏ်ရာရစေမည့် ပြင်းထန်သော ခြိမ်းခြောက်မှုပြုသည် သို့မဟုတ် ထိခိုက်ဒဏ်ရာရစေသည်" ဟုဖော်ပြထားသော 24 နာရီအတွင်း ထွက်ခွာရမည့် အသိပေးစာကို ရရှိခဲ့သည်။ အသိပေးစာတွင် မစ္စအယ်ဗေးရားသည် သူ့ခင်ပွန်း၏ နိပ်စက်ခြင်းကို ခံခဲ့ရသည်ဟု ဖော်ပြသည်။ မစ္စအယ်ဗေးရားက အသိပေးစာထုတ်ပြီးနောက် မန်နေဂျာသည် သူမအား စက်တင်ဘာလ အတွက် ငှားရမ်းနေထိုင်ခွင့် ပြုရန် ငြင်းပယ်ခဲ့သည်။ သူမ၏ ခင်ပွန်းနှင့်အတူမနေတော့ပဲ သူမသည် USDA မှ အထောက်ပံ့ပေးထားသော အဆောက်အဦး၇င်းတွင် နှစ်ယောက်ခန်းရရန် အရည်အချည်းမပြည့်မီဟု ယူဆသဖြင့် တစ်ယောက်ခန်းသို့ပြောင်းရွှေ့ရန် လျှောက်ထားသော်လည်း ငြင်းပယ်ခံရသည်။ အကြမ်းဖက်ခံရသူက စီမံခန့်ခွဲမှုအဖွဲ့သည် အမျိုးသမီးများအပေါ် ဆိုးကျိုးသက်ရောက်စေသည့် အိမ်တွင်းအကြမ်းဖက်မှုနှင့်ဆိုင်သည့် အော်ရီဂွန် ပြည်နယ်ဥပဒေကို နားလည်၊ ကျင့်သုံးခြင်းဖြင့် သူမကို လိုင်နှင့်ပတ်သက်၍ ခွဲခြားမှုပြုလုပ်ခဲ့သည်ဟု မစ္စအယ်ဗေးရားက စွဲချက်တင်သည်။ သူမက စီမံခန့်ခွဲမှုအဖွဲ့သည် အမျိုးသားများကို သူမအား ဆက်ဆံသည့်ပုံစံမျိုးဖြင့် ဆက်ဆံလိမ့်မည်မဟုတ်ဟု စွပ်စွဲသည်။

III. ခုခံချေပသူများ၏ ချေပချက်များ

ခုခံချေပသူများက သူတို့သည် မစ္စအယ်ဗေးရားအား ၇င်းအတွင်းရှိ အခြားနေထိုင်သူများ၏ လုံခြုံရေးနှင့် ကောင်းကျိုးအား ခြိမ်းခြောက်မှုပြုသည့် နေထိုင်သူများကို နှင်ထုတ်သည့် မူ၇ါဒအရ 24 နာရီအတွင်းထွက်ခွာရန် အသိပေးစာပေးခြင်းဖြစ်ကြောင်း ခုခံသည်။ အိမ်ထောင်စုတစ်စုမှ လူတစ်ယောက်က ခြိမ်းခြောက်မှုဖြစ်စေပါက အိမ်ထောင်တစ်စုလုံးကို နှင်ချမည်ဖြစ်သည်။

IV. စုံစမ်းတွေ့ရှိချက်များနှင့် သုံးသပ်ချက်များ

စုံစမ်းစစ်ဆေးမှုက အမှုဖြစ်သော အဆောက်အဦးတွင် အခန်းလေးဆယ် ပါ၇င်ပြီး USDA ကျေးလက်ဖွံ့ဖြိုးရေး အစီအစဉ်မှ ထောက်ပံ့ပေးထားသော အဆောက်အဦးဖြစ်ကြောင်းဖော်ပြသည်။ အဆောက်အဦးသည် ၇င်ငွေနည်း ဒေသခံများအတွက် ရည်ရွယ်သည်။

စုံစမ်းစစ်ဆေးမှုက မစ္စအယ်ဗေးရားနှင့် သူမ၏ ခင်ပွန်းဟောင်းဖြစ်သူ မစ္စတာ ဟမ်မာတို မော့တာ (Humberto Mota)တို့သည် 1998 နိ၇င်ဘာလတွင် ငှားရမ်းစာချုပ်ကို လက်မှတ်ရေးထိုးပြီး နှစ်ယောက်အိပ်ခန်း၇ါ၇င်သော အခန်းသို့ ပြောင်းရွှေ့လာခဲ့သည်ဟု ဖော်ပြသည်။

ယခုတိုင်ကြားမှုဖြစ်စေသည့် အမှုမဖြစ်ပွားခင်အချိန်အတွင်း မစ္စအယ်ဗေးရားသည် သူမ၏ နေထိုင်မှုနှင့် ပတ်သက်ပြီး ခုခံချေပသူများထံမှ မည်သည့် သတိပေးချက်၊ အသိပေးချက်မှ မရရှိခဲ့ဖူးပေ။ ထိုအချိန်အတွင်း မစ္စတာမော့တာသည် ရဲခေါ်ခဲ့သူ မစ္စအယ်ဗေးရားအား နှိပ်စက်မှုပြုလုပ်ခဲ့သည်။ သို့သော် ခုခံချေပသူများသည် ထိုအဖြစ်အပျက်ကို သတိမပြုမိသေးပဲ သူတို့၏နေထိုင်မှုနှင့် ပတ်သက်ပြီး မည်သည့် အရေးယူမှုမှ မပြုလုပ်ခဲ့ပေ။ 1999 မတ်လတွင် ခုခံချေပသူ ကာရင် မော့ခ်သည် Creekside Village Apartments ၏ ဌာနေမန်နေဂျာ ဖြစ်လာသည်။

သက်သေက 1999 ဩဂုတ်လ 2 ရက်နေ့ နံနက်5.30 ခန့်တွင် မစ္စတာမော့တာ သည် မစ္စအယ်ဗေးရားအား ဆေးရုံတက်ရသည်အထိ ရိုက်နှက်မှု ပြုလုပ်ခဲ့ကြောင်းဖော်ပြသည်။ ထိုဂင်း၏ အခန်း 30 တွင် နေထိုင်သော သူမ၏အမေ တာမီ အယ်ဗေးရား (Tamie Alvera) သည် နံနက် 6 နာရီ ခန့်တွင် သူမသမီး၏ အခန်းထဲ၌ မစ္စတာ မော့တာရှိမရှိ ကြည့်ရန်အတွက် သော့တောင်းယူရန် မစ္စမော့ခ်ထံသို့ သွားခဲ့သည်။ ထိုအချိန်တွင် တာမီ အယ်ဗေးရားက မစ္စမော့ခ်အား မစ္စအယ်ဗေးရားသည် မစ္စတာမော့တာ၏ ရိုက်နှက်ခြင်းခံခဲ့ရကြောင်း ပြောဆိုခဲ့သည်။ မစ္စမော့ခ်သည် အမှုအခင်း အစီရင်ခံစာရေးသားခဲ့ပြီး ကိုရန်နက်ပ်စကီးထံသို့ ပေးပို့ခဲ့သည်။ စုံစမ်းစစ်ဆေးမှုက မစ္စအယ်ဗေးရားသည် ဆေးရုံမှ ဆင်းပြီးလျှင်ပြီးချင်း သူ့ခင်ပွန်းအား တားမြစ်မိန့်ရယူခဲ့ပြီး မစ္စမော့ခ်အား ပြခဲ့သည်။ တားမြစ်မိန့်တွင် မစ္စမော့တာ အနေဖြင့် မစ္စအယ်ဗေးရားအား အိမ်တွင်၊ အလုပ်တွင်၊ သို့မဟုတ် မစ္စအယ်ဗေးရားမှ ကိုက် 100 အတွင်း မဆက်သွယ်နိုင်၊ သူမအား ဖုန်းဖြင့် စာဖြင့် မဆက်သွယ်နိုင်ဟု ဖော်ပြထားသည်။ အမိန့်တွင် မစ္စမော့တာ သည် သူတို့၏ အခန်းမှ ထွက်သွားရမည်ဖြစ်ပြီး ပြန်မလာရဟု ဖော်ပြထားသည်။ မစ္စအယ်ဗေးရားသည် မစ္စတာ မော့တာအား အာဏာစာချုပ်မှ ထုတ်ပယ်ရန် မစ္စမော့ခ်နှင့် ဆွေးနွေးခဲ့သည်။

စုံစမ်းစစ်ဆေးမှုတွင် မစ္စကိုရန်နက်ပ်က မစ္စမော့ခ်အား မစ္စအယ်ဗေးရားအား နေထိုင်ခွင့် မပြုတော့ရန် နှင့် 24 နာရီ အတွင်း ထွက်ခွာရမည့် အသိပေးစာထုတ်ရန် ညွှန်ကြားခဲ့သည်။ 1999 ခုနှစ် ဩဂုတ်လ 4 ရက်နေ့တွင် CBM အုပ်စုသည် မစ္စအယ်ဗေးရားနှင့် မစ္စတာ မော့တာတို့အား 24 နာရီအတွင်းထွက်ခွာရမည့် အသိပေးစာ ထုတ်ခဲ့သည်။ ထိုအသိပေးစာတွင် "သင်၊ သင့်အုပ်ထိန်းမှုအောက်မှ တစ်ယောက်ယောက် သို့မဟုတ် သင့်အိမ်မွေးတိရစ္ဆာန်သည် အိမ်ပိုင်ရှင်ပေါ်၌သော်လည်းကောင်း၊ အခြားနေထိုင်သူများပေါ်၌သော်လည်းကောင်း ထိခိုက်ဒဏ်ရာရစေရန် အကြီးအကျယ် ခြိမ်းခြောက်မှုပြုသည် သို့မဟုတ် ထိခိုက်ဒဏ်ရာရစေသည်"ဟု ဖော်ပြထားသည်။ "1999 ခုနှစ် ဩဂုတ်လ 2 ရက်နေ့ 6 နာရီခန့်တွင် ဟမ်မာတိုမော့တာသည် တစ်ဖန်အယ်ဗေးရားကို သူတို့၏ အိမ်ခန်းတွင် ရုပ်ပိုင်းဆိုင်ရာ နှိပ်စက်မှုပြုခဲ့သည်။ ထို့ကြောင့် ရဲခေါ်ခဲ့ရသည်။" ဟု အသိပေးစာတွင် ဖော်ပြပါရှိသည်။

စုံစမ်းစစ်ဆေးမှုတွင် 1999 ခုနှစ် ဩဂုတ်လ 4 ရက်နေ့တွင် မစ္စအယ်ဗေးရားသည် အိမ်ထောင်စုတွင် မိသားစုဂင်တစ်ဦးသာ ရှိတော့သဖြင့် ဂင်း အတွင်းတွင် အိပ်ခန်းတစ်ခန်းပါသော အခန်းလျှောက်ထားခဲ့ကြောင်း တွေ့ရှိရသည်။ သက်သေက ခုခံချေပသူများသည် မစ္စအယ်ဗေးရား 24 နာရီ သတိပေးစာရရှိစေခဲ့သော အိမ်တွင်းအကြမ်းဖက်မှုကြောင့် ထိုလျှောက်လွှာကို ငြင်းပယ်ခဲ့ကြောင်းဖော်ပြသည်။ သက်သေက နောက်ဆုံး မစ္စ အယ်ဗေးရား ပြောင်းရွှေ့ခဲ့သော အခန်း 18 တစ်ယောက်ခန်းသည် 1999 ဩဂုတ်လ 4 ရက်နေ့တွင် ရရှိခဲ့သည်ဟုဖော်ပြသည်။ 1999 ခုနှစ် အောက်တိုဘာလ 8ရက်နေ့တွင် မစ္စအယ်ဗေးရားသည် တစ်ယောက်ခန်းလျှောက်လွှာတင်ခဲ့သည်။ နိုဝင်ဘာလ 2 ရက်နေ့တွင် တိုင်ကြားသူ၏ စွပ်စွဲချက်နှင့် တိုက်ရိုက်သက်ဆိုင်သော အကြောင်းပြချက်ကြောင့် သူမကို နှင်ထုတ်ခဲ့ခြင်းဖြစ်သည်။

သက်သေက 1999 ဩဂုတ်လ 6 ရက်နေ့တွင် မစ္စမော့ခ်သည် မစ္စအယ်ဗေးရား၏ ဩဂုတ်လအတွက် ငှားရမ်းနေထိုင်ခွင့် ကို ငြင်းပယ်ခဲ့ကြောင်း ဖော်ပြသည်။ ခုခံသူများသည် မစ္စ အယ်ဗေးရားအား 1999 စက်တင်ဘာလ အစောပိုင်းတွင် သူတို့သည် သူမအား FED အရေးယူမှု ပြုလုပ်ရန် ရှိသည်ဟု ဆက်သွယ်ပြောကြားခဲ့သည်။ 1999 အောက်တိုဘာလ 26 ရက်နေ့တွင် ခုခံချေပသူများကို ကိုယ်စားပြုသော ရှေ့နေက မစ္စအယ်ဗေးရား ထံသို့ "သင့် အိမ်ငှားရမ်းမှု သဘောတူညီချက်နှင့် ပတ်သက်၍ (ယူနစ် 21)" အောက်ပါအတိုင်းရေးသားထားသော စာကို ပေးပို့ခဲ့သည်။

> "မကြာသေးမီက သင်နှင့် သင့်မိသားစုဂင်တစ်ဦးအကြား ဆူပူမှု ဖြစ်ရပ်တစ်ခုဖြစ်ပွားခဲ့သည်ကို သင်သိထားပြီးဖြစ်သည်။ သင်သည် ထိုဖြစ်ရပ်မျိုး နောက်တစ်ကြိမ် ထပ်မံဖြစ်ပွားခြင်းမရှိစေရန် ကြိုးစားနေသည်ဟုလည်း ကျွန်ုပ်တို့ နားလည်ထားပြီးဖြစ်သည်။
>
> ဤစာတွင် ထိုဖြစ်ရပ်မှ အိမ်ရာအတွင်း အခြားနေထိုင်သူများသို့ ထိခိုက်မှုများနှင့် ပတ်သက်ပြီး Creekside မှ အလွန် စိတ်သောက ရောက်ရပါကြောင်း ဖော်ပြရန်ဖြစ်သည်။ သင်နှင့် အခြားနေထိုင်သူတစ်ဦး၏ အပြုအမူသည် သင်၏ နေထိုင်ခွင့်ကို ရုတ်သိမ်းရန် အရေးယူရသည်အထိ ဖြစ်လာနိုင်စရာရှိသည်။ Creekside အနေဖြင့် ထိုသို့အရေးယူမှုမျိုး ပြုလုပ်လိုဖြင်းမရှိသည်မှာ ရှင်းလင်းပါသည်။
>
> ဤစာတွင် အထက်တွင်ဖော်ပြသကဲ့သို့သော ဖြစ်ရပ်မျိုး ထပ်မံဖြစ်ပွားခြင်းရှိပါက Creekside အနေဖြင့် နှင်ထုတ်ရုံမှအပ အခြားရွေးချယ်စရာ ရှိတော့မည်မဟုတ်ကြောင်း အသိပေးရန်ဖြစ်သည်။ တားမြစ်မိန့်အား ဆက်လက်ထိန်းသိမ်းရန်နှင့် နေထိုင်ခြင်းစည်းကမ်းများကို လိုက်နာရန်လိုအပ်သမျှ လုပ်ဆောင်ချက်အားလုံးအား ပြုလုပ်ရန် သင့်အနေဖြင့် ကျွန်ုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်မည်ဟု မျှော်လင့်ပါသည်။"

24 နာရီအတွင်း ထွက်ခွာရမည့် အသိပေးချက်အတွက် တစ်ခုတည်းသော အကြောင်းပြချက်မှာ ခုခံချေပသူများ၏ အိမ်တွင်းအကြမ်းဖက်မှုအပေါ် တုံ့ပြန်မှုသာလျှင် ဖြစ်ကြောင်း ငြင်းပယ်စရာ မရှိပေ။ မည်သည့် အခြားနေထိုင်သူများမှ ခုခံချေပသူများအား ထိုဖြစ်ရပ်သည် သူတို့၏ နေထိုင်မှုကို နှောင့်ယှက်မှုပြုသည်၊ သို့မဟုတ် ဒဏ်ရာရစေသည် သို့မဟုတ် ထိခိုက်ဒဏ်ရာရမည်ကို ထိတ်လန့်နေရစေသည်ဟု တိုင်ကြားမှုမရှိကြောင်း သက်သေက ဖော်ပြသည်။ မစ္စတာမော့တာ၏ ထိုးနက်မှုကြောင့် ဖြစ်ရဟန်ရှိသော မစ္စအယ်ဗေးရား ထားခဲ့သည့် အခန်းနံရံအပေါက်ကို တွေ့ရှိခဲ့ကြောင်း၊ ထိုသို့တွေ့ရှိခြင်းမှာ 24 နာရီအသိပေးချက် ထုတ်ပြီးနောက်မှသာ တွေ့ခြင်းဖြစ်ပြီး ထိုအပျက်အစီးနှင့် ပတ်သက်၍ အထက်သို့ တင်ပြခြင်း မပြုခဲ့ကြောင်း မစ္စ မော့ခ်ကဆိုသည်။

စုံစမ်းစစ်ဆေးမှုတွင် မစ္စအယ်ဗေးရားသည် အခြားအခြေအနေတူ အမျိုးသားနေထိုင်သူများနှင့် မတူညီစွာ ဆက်ဆံခံရသည်ဟု မဖော်ပြပေ။ အခြားအခြေအနေတူ အမျိုးသားနေထိုင်သူများ မရှိပေ။ Creekside Village Apartments တွင် အမျိုးသမီးများ အကြမ်းဖက်ခံရသော အိမ်တွင်းအကြမ်းဖက်မှု သုံးကြိမ်အနည်းဆုံးဖြစ်ပွားခဲ့ဖူးကြောင်း သက်သေက ဖော်ပြသည်။ သို့သော် ခုခံချေပသူများသည် 1999 ဩဂုတ်လတွင် ဖြစ်ပွားခဲ့သော မစ္စအယ်ဗေးရားပါဝင်သည့် ဖြစ်ရပ်ကိုသာ သိရှိခဲ့သည်။ ခုခံချေပသူများသည် 24 နာရီ အသိပေးစာ အခြားသုံးခုကိုလည်း ထုတ်ခဲ့ဖူးသည်ဟု သက်သေကဖော်ပြသည်။ တစ်ခုသည် မှုခင်းဖြစ်ရပ်အတွက်ဖြစ်ပြီး၊ အခြားတစ်ခုသည် INS က မိသားတစ်စုလုံးကို ခေါ်ဆောင်သွားသဖြင့်ဖြစ်ကာ တစ်ခုသည် နေထိုင်သူတစ်ဦးက အခြားနေထိုင်သူတစ်ဦးကို ဘေ့စ်ဘောရိုက်တံဖြင့် ရိုက်နှက်ရန် ခြိမ်းခြောက်သောကြောင့်ဖြစ်သည်။ 1999 ခုနှစ် ဇွန်လ 1 ရက်နေ့မှ 2000 ခုနှစ် ဇန်နဝါရီလ 31 ရက်နေ့အထိ ဌာနေမန်နေဂျာသည် အထက်သို့ အမှုအခင်း အစီရင်ခံစာ ခြောက်စောင်တင်ခဲ့သည်ဟု သက်သေကဖော်ပြသည်။ ထိုအထဲမှ တစ်ခုတည်းသော အိမ်တွင်း သို့မဟုတ် အခြားတစ်နည်းနည်း မစ္စအယ်ဗေးရားပါဝင်သော အကြမ်းဖက်မှုဖြစ်သည်။

နေထိုင်သူ သို့မဟုတ် ဧည့်သည်မှ ခြိမ်းခြောက်မှု သို့မဟုတ် အကြမ်းဖက်မှုပြုလုပ်ပါက တစ်အိမ်ထောင်လုံးကို နင်ထုတ်ခြင်းသည် ခုခံသူများ၏ မူဂါဒဖြစ်သည်ဟု ခုခံသူ ကိုရန်နက်ပ်စကီးက ဆိုသည်။ သူမက အမှုဖြစ်ပွားသော အဆောက်အဦးသည် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်ရန် ခြိမ်းခြောက်မှုအတွက် တင်းကျပ်သော အဆောက်အဦးဖြစ်ကြောင်း၊ ထိုမူဂါဒကို CBM အုပ်စုအတွက် ADA/504 ညှိနှိုင်းရေးမှူး က အတည်ပြုပေးခဲ့ကြောင်း သူမကဆိုသည်။ မစ္စကိုရန်နက်ပ်စကီးက "အိမ်တွင်းအကြမ်းဖက်မှု အမှုတွဲတစ်ခုတွင် အကြမ်းဖက်ခံရသူသည် အကြမ်းဖက်လုပ်ရပ်များ ထပ်မံမဖြစ်ပွားရန် တားဆီးမှု မရှိပဲ အခြားနေထိုင်သူများကို ထပ်ခါထပ်ခါ ပြန်ဖြစ်နေသော ထိုအကြမ်းဖက်မှုများအား ထပ်မံမြင်တွေ့ရစေသည်။ အကြမ်းဖက်မှုနှင့် ပတ်သက်ပြီး ထိုသို့ မာကျောသော မူဂါဒအသုံးပြုရခြင်းမှာ နေထိုင်သူအားလုံးအတွက် အေးချမ်းသော ပတ်ဝန်းကျင်ဖန်တီးပေးရန် ဖြစ်သည်" ဟုဆိုသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအရ 1992 ခုနှစ်မှ 1996 ခုနှစ်အတွင်း နှစ်စဉ် အမျိုးသမီး 1000 လျှင် ရှစ်ဦးနှုန်း၊ အမျိုးသား 1000 လျှင် တစ်ဦးနှုန်းသည် ယခုအတူနေသူများ သို့မဟုတ် ယခင် အိမ်ထောင်ဖက်၊ ရည်းစားများ၏ အကြမ်းဖက် ဆက်ဆံမှုကို တွေ့ကြုံကြရသည်။
နိုင်ငံတော်စာရင်းဇယားများအရ အမျိုးသမီးများသည် အကြမ်းဖက်ရာဇဝတ်မှုကို တွေ့ကြုံရန် အမျိုးသားများထက် နည်းပါးသည်ဆိုသော်လည်း အမျိုးသမီးများသည် ရင်းနှီးသူ၏ အကြမ်းဖက်သားကောင်ဘဝသို့ ရောက်နိုင်ခြေမှာ အမျိုးသားများထက် (5)ဆ မှ (8)ဆ အထိရှိသည်။ အခြားသော လေ့လာမှုများအရ အမျိုးသမီးများသည် ရင်းနှီးသူများ၏ အကြမ်းဖက်မှုခံရနိုင်ခြေမှာ အမျိုးသားများထက် (10)ဆ ထက်မက ပိုမိုကြောင်း တွေ့ရှိရသည်။

နိုင်ငံတော် စာရင်းဇယားများအရ အိမ်တွင်းအကြမ်းဖက်မှုများ၏ 90 ရာခိုင်နှုန်းမှ 95 ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ကြသည်။ တစ်နစ်လျှင် အမျိုးသမီး တစ်သန်းထက်မနည်း အိမ်တွင်းအကြမ်းဖက်မှု၏ သားကောင်ဘဝရောက်ရသည်ဟု ခန့်မှန်းထားသည်။ 1998 ခုနှစ် အောရီဂွန် အိမ်တွင်းအကြမ်းဖက်မှု လေ့လာသုံးသပ်မှု စာတမ်းအရ အော်ရီဂွန်ပြည်နယ်ရှိ အမျိုးသမီး ရှစ်ဦးလျှင် တစ်ဦး (13.3 %)သည် ရင်းနှီးသူများ၏ ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုကို အစောပိုင်းနစ်များအတွင်း တွေ့ကြုံခဲ့သည်ဟု ဖော်ပြထားသည်။ ယင်းစုံစမ်းစစ်ဆေးမှု ပြုလုပ်စဉ်ကာလအတွင်း ရရှိသော အထောက်အထားများအရ ကလက်ဆော့ပ်ခရိုင် (Clatsop Country)သို့ 1999 ခုနှစ်တွင် တင်ပြသောအိမ်တွင်း အကြမ်းဖက်မှုခံရသူ 93 % မှာ အမျိုးသမီးများ ဖြစ်ကြသည်။ 1998 ခုနှစ် အော်ရီဂွန် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ လေ့လာသုံးသပ်မှုစာတမ်းတွင် အော်ရီဂွန်ပြည်နယ်မှ ကောက်ယူရရှိသော စာရင်းကိန်းဂဏန်းကို တစ်နိုင်ငံလုံးအတိုင်းအတာအတွင်း ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှု အရေအတွက်များနှင့် နှိုင်းယှဉ်ဖော်ပြထားသည်။ အဆိုပါ နည်းစနစ်ကို အသုံးပြုထားသော နိုင်ငံတော်လေ့လာမှုများအရ အမျိုးသမီး 9 ဦးလျှင် တစ်ဦးမှ အမျိုးသမီး 12 ဦးလျှင် တစ်ဦးသည် ၄င်းတို့၏ ရင်းနှီးသူများ၏ ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုကို ယခင်နစ်များအတွင်း ခံခဲ့ရသည်ဟုဖော်ပြထားသည်။ အဆိုပါ တွေ့ရှိချက်ကို အော်ရီဂွန်လေ့လာသုံးသပ်တွေ့ရှိချက်နှင့် နှိုင်းယှဉ်ပါက အော်ရီဂွန်ပြည်နယ်တွင် အမျိုးသမီး ၁၀ ဦးလျှင် တစ်ဦးသည် ကိုယ်ထိလက်ရောက်စော်ကားမှု၏ သားကောင်ဘဝသို့ ရောက်ခဲ့ကြောင်း တွေ့ရှိရသည်။

အဆိုပါ ကိန်းဂဏန်းများအရသိရသည်မှာ လေ့လာမှုစစ်တမ်းကောက်ယူရာတွင် ပြန်လည်ဖြေဆိုသူများက အိမ်တွင်း အကြမ်းဖက်မှုဖြစ်ပေါ်လျှင် ၄င်းအိမ်ထောင်စု၀င် တစ်ဦးသည် အကြမ်းဖက်ခံရသူ သို့မဟုတ် အကြမ်းဖက်မှုကို ကြိုးကိုင်သူဆိုသည်ကို ထည့်သွင်းမစဉ်းစားပဲ၊ ယင်း အိမ်

ထောင်စုဥပဒေအားလုံးကို နှင်ထုတ်ရမည်ဟု သဘောထားကြသည်။ ယင်းမူဂါဒ သဘောထားသည် အိမ်တွင်းအကြမ်းဖက်ခံရသူ အမျိုးသမီး အရေအတွက် အချိုးမညီမှုကြောင့် ဆိုးကျိုးများသာ သက်ရောက်စေသည်ဟု ဖော်ပြထားသည်။

တုံ့ပြန်ဖြေဆိုသူများသည် ၄င်းတို့၏ မူဂါဒအပေါ် အကြောင်းပြချက်များစွာ ပေးခဲ့သည်။ ယင်းတို့ထဲမှာ ကြောင်းကျိုး ညီညွတ်သော အကြောင်း ပြချက်တစ်ခုမှာ အခြားသောအိမ်ဥားများကို အကြမ်းဖက်မှုနှင့် အကြမ်းဖက်ရန် ခြိမ်းခြောက်မှုနှစ်ခုစလုံးမှ အကာအကွယ်ပေးရန်နှင့် ၄င်းတို့ အိမ်ဥားနေထိုင်မှုကို အနှောင့်အယှက်မပြုရန်၊ အကာအကွယ်ပေးရန် လိုအပ်သည်ဟုဆိုသည်။ သို့သော် အဆိုပါအကြောင်းအကျိုးညီညွတ်သော သဘောထားကို ထောက်ခံသော အထောက်အထားများ မတွေ့ရှိခဲ့ရပါ။ မစ္စအယ်လ်ဗာရားအမှုတွင် အခြားသော အိမ်ဥားများသည် အကြမ်းဖက်မှုကို မေးခွန်းမထုတ်ခဲ့ကြပေ။ အထောက်အထားအရ တွေ့ရှိရသည်မှာ အကြမ်းဖက်မှုဖြစ်စဉ်ကို ကောင်းစွာသိရှိသဘောပေါက်သူ တစ်ဦးတည်းသော အိမ်ဥားမှာ မစ္စအယ်လ်ဗာရာ မိခင်ဖြစ်သူပင်ဖြစ်သည်။ ထို့ပြင် သက်သေအထောက်အထားအရ သိရသည်မှာ အိမ်တွင်းအကြမ်းဖက်မှုဖြစ်စဉ်များသည် အများ စုပေါင်းနေထိုင်သည့် နေရာများတွင်ဖြစ်ပေါ်သည်ဆိုသော်လည်း အခြားအိမ်ဥားများ၏ တိုင်တန်းမှုများနှင့် အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားသောအိမ်နှင့် ကပ်နေသောနေအိမ်တွင် နေထိုင်သူသည် အဆိုပါအကြမ်းဖက်မှု၏ သားကောင်ဘဝဖြစ်နိုင်ခြေ ပိုများသည်ဟူသော ယူဆချက်ကို ထောက်ခံသည့် အထောက်အထားကို မတွေ့ရှိခဲ့ပါ။

စစ်တမ်းကောက်ယူရာတွင် ပြန်လည်ဖြေဆိုသူများက ၄င်းတို့၏မူဂါဒသည် အဆိုပါအဖွဲ့အစည်းက ဘဏ္ဍာငွေထောက်ပံ့ ပေးထားသည့် ပိုင်ဆိုင်မှုများနှင့် ပတ်သက်သော ကျေးလက်ဖွံ့ဖြိုးမှုစီမံကိန်း၏ စည်းမျဉ်းစည်းကမ်းများနှင့် အတူတူပင်ဖြစ်သည်ဟု ဆိုသည်။ ကျေးလက်ဖွံ့ဖြိုးမှုစီမံကိန်းသည် စည်းမျဉ်း၊ စည်းကမ်းများနှင့် လုပ်ငန်းစဉ်များကို ပြဋ္ဌာန်းခဲ့သည်။ "အိမ်ဥား သို့မဟုတ် အိမ်ထောင်စုအဖွဲ့ဥပဒေတစ်ဦး၏ လုပ်ရပ် သို့မဟုတ် လုပ်ဆောင်ချက်တစ်ခုသည် အဆိုပါ စီမံကိန်းပျက်ပြားအောင် လူတစ်ဦး၏ ကျန်းမာရေး သို့မဟုတ် လုံခြုံမှု သို့မဟုတ် အိမ်ဥားတစ်ဦး သို့မဟုတ် အိမ်ထောင်စုဥပဒေတစ်ဦး၏ အခွင့်အရေး သို့မဟုတ် အဆောက်အဦး တိတ်ဆိတ်ငြိမ်သက်သော အခြေအနေကို တိုက်ရိုက်ခြိမ်းခြောက်လာခဲ့လျှင်" ယင်းသည် အဆိုပါပုဂ္ဂိုလ်၏ အိမ်ဥားနေထိုင်မှုကို အဆုံးသတ်နိုင်သော အကြောင်းဖြစ်သည်ဟုဆိုသည်။ သို့သော် ကျေးလက်ဖွံ့ဖြိုးမှု စီမံကိန်းက ထပ်မံ ဖော်ပြထားသည်မှာ "ရုပ်ဝတ္ထုပိုင်ဆိုင်မှုအဝှားချထားခြင်း သဘောတူညီချက်အပေါ် ဖောက်ဖျက်မှုပြဋ္ဌာန်းချက်သည် အိမ်ဥား၏မိသားစုဝင်များထဲမှာ တရားမဝင်သော လုပ်ကိုင်ဆောင်ရွက်မှုတွင် မပါဝင်သည့်အပြင် အခြားအိမ်ထောင်စုဝင် သို့မဟုတ် ဧည့်သည်ကို ထိန်းချုပ်မှုနှင့် မသက်ဆိုင်သော အပြစ်ကင်းသည့် အိမ်ထောင်စုဝင်များအပေါ် မသက်ရောက်ပါ" ဟု ဆိုသည်။ မြစ်ကမ်းဘေးကျေးရွာ အိမ်ခန်းများ စီမံကိန်းကို ကြီးကြပ်ရသော ကျေးလက်ဖွံ့ဖြိုးမှုစီမံကိန်း၏ ကိုယ်စားလှယ်တစ်ဦးက အဆိုပါစည်းမျဉ်းစည်းကမ်းသည် အပြစ်ကင်းစင်သော အိမ်ထောင်စုဝင်များကို အကာအကွယ် ပေးသည်ဟုဆိုသည်။

စစ်တမ်းကောက်ယူရာတွင် ပြန်လည်ဖြေဆိုသူ ကိုရန်နော့ဗ်စကီး(Corenevsky) ဆိုသူက အများစုသဘောထားဖြစ်သော အိမ်တွင်းအကြမ်းဖက်သူ၏ မိသားစုဝင်အားလုံးကို နေအိမ်မှ နှင်ထုတ်ရခြင်းမှာ TRO က အကြမ်းဖက်မှုကို မရပ်တန့်သောကြောင့်ဖြစ်ပြီး အမျိုးသားအတော်များများမှာ TROs ကိုမကြောက်သောကြောင့်ဖြစ်သည်။ အနာဂါတ်တွင် အိမ်တွင်းအကြမ်းဖက်မှုဖြစ်စဉ်များ မပေါ်ပေါက်အောင် ကာကွယ်ရန် အမိန့်များကို ထိန်းသိမ်းခြင်း၏ အကျိုးသက်ရောက်မှုအပေါ် လေ့လာမှုပြုရာတွင် ရလဒ်များသည် ရှုပ်ထွေးနေသည်။ လေ့လာမှုတစ်ခုက ဖော်ပြထားသည်မှာ ချုပ်ထိန်းသည့် အမိန့်ထုတ်ပြန်ပြီး ခြောက်လအတွင်းတွင် အမိန့်ကို လက်ခံရရှိသော အမျိုးသမီး 65% သည် အိမ်တွင်းအကြမ်းဖက်မှုပြဿနာများ နောက်ထပ်မကျူးလွန်တော့ကြောင်း တွေ့ရသည်ဟု ဆိုသည်။ အခြားလေ့လာမှုတစ်ရပ်တွင် ဖော်ပြထားသည်မှာ ချုပ်ထိန်းသည့်အမိန့်ကို လက်ခံရရှိပြီးသည့်အခါတွင်တောင်မှ အိမ်တွင်းအကြမ်းဖက်မှုဖြစ်စဉ်များ ထပ်မံဖြစ်ပေါ်ခဲ့သည်ဟုဆိုသည်။ သို့သော် ပြန်လည်ဖြေဆိုသူများ၏ သဘောထားသည် အကြမ်းဖက်ခံရသူအမျိုးသမီးအိမ်ဥား တစ်ဦးချင်းစီ၏ အကြောင်းတရားများ သို့မဟုတ် အကြမ်းဖက်မှုထပ်မံမဖြစ်ပေါ်အောင် သူဆောင်ရွက်သော ကြိုတင်ကာကွယ်ရေးလုပ်ဆောင်ချက်များအပေါ် ထည့်သွင်းမစဉ်းစားထားသော ခြုံငုံသုံးသပ်ပြောဆိုမှုမျှသာ ဖြစ်ကြောင်း ဆိုထားသည်။ ဥပမာ မစ္စအယ်လ်ဗာရာအမှုတွင် မစ္စတာမိုတာသည် ထောင်နန်းစံခဲ့ပြီးနောက် တိုင်းပြည်မှ ထွက်ခွာခဲ့သည်။ ထိုအချိန်မှစ၍ မစ္စအယ်လ်ဗာရာကို ထပ်မံဆက်သွယ်ခြင်းမပြုတော့ပေ။

24 နာရီသတိပေးချက်ထုတ်ပြန်ရာတွင် စစ်တမ်းကိုပြန်လည်ဖြေဆိုသူများသည် အော်ရီဂွန်ပြည်နယ်ဥပဒေ (Oregon State Law) ORS 90.400 (3) ကို အားကိုးအားထားပြုခဲ့သည်။ အဆိုပါ ဥပဒေက ခွင့်ပြုထားသည်မှာ အိမ်တွင်းအကြမ်းဖက်မှုကြောင့် အကယ်၍ မြေပိုင်ရှင်/အိမ်ပိုင်ရှင် သို့မဟုတ် အခြားအိမ်ဥားတစ်ဦးဦးကို ဒဏ်ရာအနာတရဖြစ်ခဲ့လျှင် အဆိုပါအကြမ်းဖက်သူ အိမ်ဥား၏ ပစ္စည်းများကို 24 နာရီအတွင်း ယင်းအိမ်မှဖယ်ရှားရန် အိမ်ပိုင်ရှင်က အသိပေးစာထုတ်ပြန်နိုင်ခြင်းပင်ဖြစ်သည်။ သို့သော် ယင်းဥပဒေနှင့် ယင်းဥပဒေကို ဖြစ်ပေါ်စေခဲ့သော အကြောင်းသည် အပြစ်ကင်းစင်သော အကြမ်းဖက်ခံရသူကို အကျိုးသက်ရောက်ရန် မရည်ရွယ်ပါ။ ဥပဒေပြုရေးကာလအတွင်း မျက်မြင်သက်သေများက ထွက်ဆိုသည်မှာ ကြမ်းတမ်းရင့်သီးသော လက်ခံနိုင်ဖွယ်မရှိသော အမျိုးသားမိတ်ဆွေ၏ လုပ်ရပ်ကြောင့် "အထက်ပါ ပြဋ္ဌာန်းချက်နှင့်အညီ နှင်ထုတ်ခံရမည့် အမျိုးသမီးများအပေါ် အထူး စဉ်းစားပေးစရာ အချက်များရှိနေပါသည်။ ယင်းအမျိုးသမီးများကို အပြစ်နှစ်ကြိမ်ပေးသကဲ့သို့ ဖြစ်နေလိမ့်မည် ဖြစ်သည်။ အမျိုးသား မိတ်ဆွေ၏ ရိုက်နက်မှုကို ခံရပြီးနောက် ယင်းမိတ်ဆွေ၏ လုပ်ရပ်ကြောင့် အိမ်မှ နှင်ထုတ်ခံရခြင်းပင်ဖြစ်သည်။"

ယင်းတွေ့ရှိချက်အထောက်အထားအရ အိမ်တွင်းအကြမ်းဖက်မှု၏ သားကောင်ဘဝ ရောက်ရသော အမျိုးသမီးများကို အိမ်မှ နှင်ထုတ်သည့် မူဝါဒသည် အချိုးအစားမညီသော ဆိုးကျိုးများသာလျှင် အမျိုးသမီးများအပေါ် သို့ သက်ရောက်ပြီး ယင်းတို့၏ စီးပွားရေး၊ ကျန်းမာရေး နှင့် လုံခြုံရေးအကြောင်းပြချက်ကြောင့် စစ်တမ်းကောက်ယူရာတွင် ဖြေကြားခဲ့သူများက ယင်းမူဝါဒကို ထောက်ခံလိမ့်မည်မဟုတ်ပေ။

V. နိဂုံး

အထက်ဖော်ပြပါ အကြောင်းပြချက်များများကြောင့် အမေရိကန် အိမ်ရာနှင့် မြို့ပြဖွံ့ဖြိုးရေးဌာနက တရားလိုကို အမျိုးသမီးဖြစ်နေသည့်အတွက် Fair Housing Act ဥပဒေကို ချိုးဖောက်ခြင်းကြောင့် နှိမ့်ချခွဲခြားဆက်ဆံသည်ဟူသော အချက်ကို ယုံကြည်ရန် ကြောင်းကျိုးဆီလျော်သော အကြောင်းအချက်ကိုတွေ့ရှိခဲ့သည်။ နောက်ဆုံး စုံစမ်းစစ်ဆေးသည့် အစီရင်ခံစာကို Fair Housing Hub, Northwest/Alaska Area, U.S. Department of Housing and Urban Development, 909 First Avenue, Suite 205, Seattle, Washington 98104 တွင် ရနိုင်ပါသည်။

4/13/01

နေ့စွဲ

Judith A. Keeler

ညွှန်ကြားရေးမှူး၊ Seattle တရားမျှတသော အိမ်ရာ ဗဟိုဌာန